# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**လောကကို မဂ်ဥာဏ်ရောင်ဖြင့် ထွန်းလင်းစေ၏**

ရှေးငယ်စဉ်အခါက ကုသိုလ်၌မေ့လျော့ခဲ့၍ နောင်ကြီးပြင်းသောအခါ၌ မမေ့လျော့သောသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို မဂ်ဥာဏ်ရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၈ ရက် | ၂၀၂၄ ခုနှစ်၊ ဇွန် ၁၄ ရက်၊ သောကြာနေ့ | အတွဲ (၆၃)၊ အမှတ်(၂၅၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်

**မြန်မာနိုင်ငံ ရောဂါကာကွယ် ထိန်းချုပ်ရေး ဗဟိုဌာနနှင့် သင်တန်းကျောင်း စီမံကိန်းကို တရုတ်ယွမ်ငွေ သန်း ၃၃၀ ခန့်ဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် အကောင်အထည်ဖော်တည်ဆောက်ခဲ့**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်း အဆောက်အဦကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဇွန် ၁၃**

မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်း (Myanmar National Center for Disease Control and Medical Training Center) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ အဆိုပါဗဟိုဌာနနှင့် သင်တန်းကျောင်း အဆောက်အဦ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး တက်ရောက်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များနှင့် ပါမောက္ခများ၊ ဗဟိုအဆင့် ဆေးရုံအုပ်ကြီးများ၊ ကျန်းမာရေးနယ်ပယ်အသီးသီးမှ ပညာရှင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး၊ China CDC မှ တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❖



ယနေ့ ဖတ် စ ရာ

ဆင်ဆာကို အပြစ်မရှာနဲ့ — ဆောင်းပါး — စာ ၁၀

ယူအေအီးနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ တစ်ဦးအား နိုင်ငံတော်အစိုးရက အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင် — ပြည်တွင်းသတင်း — စာ ၁၁

ဟွန်ဒါကုမ္ပဏီက အောက်တိုဘာလမှစတင်ကာ မီနီလျှပ်စစ်ဗင်ကားကို ဂျပန်နိုင်ငံတွင် ရောင်းချသွားမည် — နိုင်ငံတကာသတင်း — စာ ၁၃

❖ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာမှုထန်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်၊ China CDC မှ Deputy Director General ဒေါက်တာလီချွင်နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြင့်မြင့်သန်းတို့က မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာနနှင့် သင်တန်းကျောင်းဖွင့်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်း အဆောက်အဦကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်း (Myanmar National Center for Disease Control and Medical Training Center) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာမှုထန်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်၊ China CDC မှ Deputy Director General ဒေါက်တာလီချွင်နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြင့်မြင့်သန်းတို့က မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းဖွင့်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ကူးစက်ရောဂါ စောင့်ကြပ်ကြည့်ရှုရေး စနစ်ဆောင်ရွက်သည့် အခန်းနှင့်သင်တန်းသား အိပ်ဆောင်များကို လှည့်လည်ကြည့်ရှုကြသည်။

**အကောင်အထည်ဖော်**

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို အဆိုပါ အဆောက်အဦအတွင်းရှိ Theatre ခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးက အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် "တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး" ကို လူမှုရေးဦးတည်ချက်တွင် ထည့်သွင်းချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော အခြေခံကျပြီး အရေးပါသည့် ပြည်သူ့ကျန်းမာရေး

*စာမျက်နှာ ၄ သို့*

**အမွှေးနံ့သာရည်ပက်ဖျန်း**

ယင်းနောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့သည် မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်း ကမ္ပည်းမော်ကွန်းကြေးပြားကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့သည် မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းရှိ CDC ပြခန်းငယ်၊ မြေညီထပ်ရုံးခန်းများ၊ အစည်းအဝေးခန်းများ၊ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ ကွပ်ကဲရေးဗဟိုဌာန၊ ဇီဝလုံခြုံမှုအဆင့် ဓာတ်ခွဲခန်းများ၊ နည်းပညာသုံး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် အဖွဲ့ဝင်များ အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၃ မှ*

စောင့်ရှောက်မှုလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီ အရည်အသွေးပြည့်မီစွာဖြင့် စွမ်းရည်ပြည့်ဝသော ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်နိုင်ရန် အရေးကြီးကြောင်း။

ကမ္ဘာ့နိုင်ငံများတွင် သဘာဝဘေးအန္တရာယ်များ၊ ကပ်အသွင်ဖြစ်ပွားသည့် ကူးစက်ရောဂါများကြောင့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှ စတင်ခဲ့သည့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှု၊ ၂၀၂၃ ခုနှစ် မေလတွင် တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်းမိုခါကဲ့သို့ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ခဲ့ရကြောင်း၊ ထိုသို့ ကြုံတွေ့ရာတွင် ကြိုတင်ပြင်ဆင်ခြင်းနှင့် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ခြင်းများကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်စီမံခန့်ခွဲမှု၊ ကျန်းမာရေးဝန်ကြီးဌာနအပါအဝင် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဟန်ချက်ညီညီ အောင်မြင်စွာ စီမံထိန်းချုပ် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

**ကျွမ်းကျင်ပိုင်နိုင်စွာအသုံးပြု**

ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များ၊ လူများရွှေ့ပြောင်းသွားလာနေထိုင်မှုနှင့် ပြောင်းလဲလာသည့် လူနေမှုဘဝပုံစံကြောင့် ကမ္ဘာတစ်ဝန်းတွင် တိရစ္ဆာန်များမှတစ်ဆင့် စတင်ကူးစက် ဖြစ်ပွားသည့် ကူးစက်ရောဂါများ အပါအဝင် ကူးစက်ရောဂါအသစ်များ ဖြစ်ပွားခြင်း၊ ယခင်ကတည်းက ရှိနေသည့် ကူးစက်ရောဂါများ ပြန်လည်ခေါင်းထောင်ပြီး ဖြစ်ပွားခြင်းများလည်း ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ ယင်းကဲ့သို့ ပြဿနာများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည် ဖြစ်ကြောင်း၊ ကျန်းမာရေး ပြဿနာများကို ကြိုတင်ကာကွယ်ရေး၊ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် စွမ်းဆောင်ရည် မြင့်မားရန်နှင့် ဆန်းသစ်သည့် နည်းပညာများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ရန် လိုအပ်ကြောင်း။

ပြည်သူ့ကျန်းမာရေး လုံခြုံမှုနှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများကို ပိုမိုထိရောက်စွာ စီမံခန့်ခွဲကိုင်တွယ်ဖြေရှင်းနိုင်ရန် ကမ္ဘာ့နိုင်ငံများအနေဖြင့် အားကောင်းခိုင်မာပြီး အရည်အသွေးပြည့်ဝသည့် ကျန်းမာရေး အဖွဲ့အစည်းများရှိရန် အရေးကြီးသည်ကို သတိပြုမိခဲ့ကြကြောင်း၊ ထို့ကြောင့် ကျန်းမာရေးအဖွဲ့အစည်းများကို ပိုမိုထိရောက်စွာ ပံ့ပိုးကူညီနိုင်ရန်အတွက် ကမ္ဘာ့နိုင်ငံများတွင် Centers for Disease Control and Prevention-CDC ဟုခေါ်သည့်ရောဂါထိန်းချုပ်ရေးဗဟိုဌာနများ ဖွင့်လှစ်တည်ထောင်ကြပြီး ရောဂါနှိမ်နင်းရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်လာကြကြောင်း၊ မိမိတို့မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့်မီ ရောဂါကာကွယ်ထိန်းချုပ်ရေး၊ သုတေသနပြုလုပ်ရေးနှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေးဗဟိုဌာနတစ်ခု ထူထောင်နိုင်ရန်အတွက် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ နှစ်နိုင်ငံချစ်ကြည်ရေး သင်္ကေတအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက ကူညီတည်ဆောက် ထူထောင်ပေးခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့်သင်တန်းကျောင်း စီမံကိန်းကို တရုတ်ယွမ်ငွေ သန်း ၃၃၀ ခန့်ဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် ယခုကဲ့သို့ အကောင်အထည်ဖော် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ Myanmar CDC Center ထူထောင်နိုင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ကျန်းမာရေး အဆင့်အတန်းကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းပြီး တိုးတက်အောင် ဆောင်ရွက်သွားနိုင်တော့မည် ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပြဋ္ဌာန်းချက်နှင့် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးလုံခြုံမှုဆိုင်ရာ အစီအမံများကိုလည်း ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း။

**ပိုမိုထိရောက်စွာဆောင်ရွက်လာနိုင်**

ယခုဌာနကြီးကို ဗဟိုပြု၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြစ်ပွားလာနိုင်သည့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးနှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများကို ကြိုတင်ကာကွယ်ခြင်းနှင့် တုံ့ပြန်ထိန်းချုပ်နိုင်ခြင်း၊ ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို လုပ်ဆောင်နိုင်ခြင်း၊ ကူးစက်ရောဂါများအတွက် မရှိမဖြစ် လိုအပ်သည့် ဓာတ်ခွဲခန်း ဝန်ဆောင်မှုများကို ပိုမိုဆောင်ရွက်လာနိုင်ခြင်း၊ ပြည်သူ့ကျန်းမာရေး အရေးပေါ် ကိစ္စရပ်များနှင့် ဦးစားပေး ပြည်သူ့ကျန်းမာရေးပြဿနာများကို ဖြေရှင်းရာတွင် ပံ့ပိုးပေးနိုင်ခြင်း စသည်တို့ကို ပိုမိုထိရောက်စွာ ဆောင်ရွက်လာနိုင်မည် ဖြစ်ကြောင်း၊ ကူးစက်ရောဂါများ ဖြစ်ပွားလာပါကလည်း ရောဂါပိုးမွှားများ၏ မျိုးရိုးဗီဇနှင့် သဘောသဘာဝများကို မိမိတို့နိုင်ငံအတွင်း၌ ဓာတ်ခွဲစမ်းသပ်ဖော်ထုတ်နိုင်မည်ဖြစ်၍ ယင်းကူးစက်ရောဂါကို အချိန်တိုအတွင်း ထိရောက်စွာ ကာကွယ်ထိန်းချုပ် တုံ့ပြန်ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း။

**ဘက်စုံ ကဏ္ဍစုံမှ ဆောင်ရွက်ပေး**

သဘာဝဘေးအန္တရာယ် တစ်ခုခု ကျရောက်ခဲ့ပါက ယခုဌာနကို အခြေပြု၍ ဗဟိုအဆင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရေးဌာနတစ်ခုအဖြစ် ဌာနအတွင်း တပ်ဆင်ထားသည့် ကွန်ပျူတာသုံး ပထဝီသတင်းအချက်အလက်စနစ် (GIS)၊ ကမ္ဘာလုံးဆိုင်ရာ တည်နေရာပြစနစ် (GPS)စနစ်များကို အသုံးပြုပြီး ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ ထို့ပြင် အစားအစာ လုံခြုံမှုဆိုင်ရာ၊ အာဟာရဆိုင်ရာ၊ လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင် ကျန်းမာရေးဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းများနှင့်ဆက်စပ်သည့် အဆင့်မြင့်ဓာတ်ခွဲခန်းများကိုလည်း ထည့်သွင်းဆောင်ရွက်သွားမည်ဟု သိရှိရကြောင်း၊ ထို့ကြောင့် ယနေ့ဖွင့်လှစ်သည့် မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းသည် ကပ်ရောဂါများကို ကာကွယ်ထိန်းချုပ်နိုင်သည့်၊ သဘာဝဘေးအန္တရာယ်များကို ထိရောက်စွာ ညှိနှိုင်းကွပ်ကဲ တုံ့ပြန်ဆောင်ရွက်နိုင်မည့်၊ သုတေသနလုပ်ငန်းများကိုလည်း လုပ်ဆောင်နိုင်မည့်၊ တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်းဖြင့် ဘက်စုံ ကဏ္ဍစုံမှ ဆောင်ရွက်ပေးနိုင်မည့် ဗဟိုဌာနကြီးဖြစ်သည့်အတွက် မိမိတို့နိုင်ငံအတွက် များစွာအကျိုးရှိ အသုံးဝင်မည်ဖြစ်ကြောင်း။

ထူးခြားချက်အနေဖြင့် ယနေ့ဖွင့်လှစ်လိုက်သည့် Myanmar CDC သည် ရောဂါထိန်းချုပ်ရေး ဗဟိုဌာနအပြင် ပြည်သူ့ကျန်းမာရေးသင်တန်း အဆောက်အဦပါ ပူးတွဲတည်ဆောက်ထားသည့်အတွက် အရည်အသွေး ပြည့်မီသည့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ သင်တန်းများ ပို့ချပေးနိုင်မည်ဖြစ်သည့်အတွက် အရည်အသွေး မြင့်မားသည့် မျိုးဆက်သစ် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးလာနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာနနှင့် သင်တန်းကျောင်းကို တည်ထောင်ဖွင့်လှစ်နိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းစုပြည်နယ် ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာနကို သွားရောက်လေ့လာကြည့်ရှုခဲ့ပြီး လိုအပ်ချက်များကို မိမိတို့နိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီပြည့်စုံအောင် ဖွဲ့စည်းဆောင်ရွက်ထားသည်ကိုလည်း သိရှိရကြောင်း၊ ယခုဖွင့်လှစ်သည့် ရောဂါကာကွယ်ထိန်းချုပ်ရေး

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် အဖွဲ့ဝင်များ ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် အဖွဲ့ဝင်များ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းရှိ ဇီဝလုံခြုံမှုအဆင့်ဓာတ်ခွဲခန်းကို လှည့်လည်ကြည့်ရှုစဉ်။

- **ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များ၊ လူများရွှေ့ပြောင်းသွားလာနေထိုင်မှုနှင့် ပြောင်းလဲလာသည့် လူနေမှုဘဝပုံစံကြောင့် ကမ္ဘာတစ်ဝန်းတွင် တိရစ္ဆာန်များမှတစ်ဆင့် စတင်ကူးစက်ဖြစ်ပွားသည့် ကူးစက်ရောဂါများအပါအဝင် ကူးစက်ရောဂါအသစ်များဖြစ်ပွားခြင်း၊ ယခင်ကတည်းကရှိနေသည့် ကူးစက်ရောဂါများ ပြန်လည်ခေါင်းထောင်ပြီး ဖြစ်ပွားခြင်းများလည်း ရင်ဆိုင်ကြုံတွေ့နေရ**
- **ယင်းကဲ့သို့ ပြဿနာများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်၊ ကျန်းမာရေးပြဿနာများကို ကြိုတင်ကာကွယ်ရေး၊ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် စွမ်းဆောင်ရည်မြင့်မားရန်နှင့် ဆန်းသစ်သည့်နည်းပညာများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ရန်လိုအပ်**

*စာမျက်နှာ ၄ မှ*

ဗဟိုဌာနတွင် နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းများအနေဖြင့် ဇီဝလုံခြုံမှု အဆင့်မြင့်မားပြီး ကူးစက်ပြန့်ပွားလွယ်သည့် ရောဂါပိုးများကို ဓာတ်ခွဲစမ်းသပ်လေ့လာသည့် ဇီဝလုံခြုံမှု အဆင့် (၃) ရှိသည့် တုပ်ကွေးရောဂါ ဓာတ်ခွဲခန်း၊ ဇီဝလုံခြုံမှု အဆင့်(၂) ရှိသည့် ဗိုင်းရပ်စ်ပိုး ဓာတ်ခွဲခန်း၊ ဗက်တီးရီးယားပိုးမွှား ဓာတ်ခွဲခန်း၊ ဇီဝလုံခြုံမှုအဆင့် (၁)ရှိသည့် အစားအစာ အဏုဇီဝဓာတ်ခွဲခန်း၊ ရောဂါပိုးမွှားကင်းစင်သည့် ဓာတ်ခွဲခန်း စသည့် ဓာတ်ခွဲခန်းများစွာ ပါဝင်ပြီး ယင်းဓာတ်ခွဲခန်းများက ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို ထိရောက်စွာ အထောက်အကူပြု ဆောင်ရွက်သွားနိုင်မည် ဖြစ်ကြောင်း။

### လေ့လာသိရှိနိုင်မည်

ဓာတ်ခွဲခန်းများတွင် တာဝန်ထမ်းဆောင်ကြမည့် ကျွမ်းကျင်ပညာရှင် ၃၅ ဦးကိုလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းစုပြည်နယ် ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနသို့ စေလွှတ်ပြီး ခြောက်လကြာ စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားစေခဲ့ပြီးဖြစ်ကြောင်း၊ ယခု ဖွင့်လှစ်ပြီးသည့်နောက်တွင်လည်း တရုတ်ပညာရှင်များနှင့်အတူ လက်တွဲပြီး လက်တွေ့စမ်းသပ် ဆောင်ရွက်မှုများ ပြုလုပ်မည်ဖြစ်သည်ဟု သိရှိရကြောင်း၊ ဓာတ်ခွဲခန်းများ၏ စွန့်ပစ်ပစ္စည်းများက တစ်ဆင့် ပတ်ဝန်းကျင်ကို ဘေးအန္တရာယ် မရှိစေရန် ရေဆိုးသန့်စင်စနစ်၊ မီးရှို့စနစ်များ ပါရှိပြီးဖြစ်သည့်အတွက် နောက်ဆက်တွဲ အန္တရာယ်ကာကွယ်မှုများ ပါဝင်သည်ဟု သိရှိရကြောင်း၊ ရောဂါနှိမ်နင်းရေး အဆောက်အဦ၏ အုပ်ချုပ်မှုဆောင်တွင်လည်း ပြည်သူ့ကျန်းမာရေး အရေးပေါ် ကွပ်ကဲမှုစင်တာနှင့် အစည်းအဝေးခန်းမများ၊ GIS/GPS စနစ်ကို အခြေခံအသုံးပြုထားသည့် ရောဂါစောင့်ကြပ်ကြည့်ရှုသည့် စနစ်များပါရှိပါကြောင်း၊ ယခုဗဟိုဌာနကြီးတွင် မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍနှင့်ဆိုင်သည့် အောင်မြင်မှုမှတ်တမ်းများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အသိအမှတ်ပြုထားသည့် ကူးစက်ရောဂါများ ကင်းစင်ပပျောက်မှု သမိုင်းမှတ်တိုင်များ၊ နိုင်ငံတကာမှ ချီးမြှင့်ခဲ့သည့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဂုဏ်ပြုမှတ်တမ်းများ၊ ဆုတံဆိပ်များ၊ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါနှင့် ပတ်သက်၍ အောင်မြင်စွာ ထိန်းချုပ် ဆောင်ရွက်နိုင်ခဲ့သည့် အောင်မြင်မှုများ၊ သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သည့် ဒေသများတွင် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု မှတ်တမ်းများ၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း အောင်မြင်စွာ ဆောင်ရွက်နိုင်မှုများ၊ ကျန်းမာရေးနှင့် သက်ဆိုင်သည့် ဥပဒေဆိုင်ရာ မှတ်တမ်းများ စသည့်သမိုင်းဝင် အထောက်အထားများကို ခင်းကျင်းပြသထားမည့် ပြခန်းတစ်ခုလည်း ဖွင့်လှစ်ထားရှိမည်ဖြစ်သည့်အတွက် ကျန်းမာရေးဝန်ထမ်းများ၊ ပြည်သူများ၊ ကျောင်းသားကျောင်းသူများအနေဖြင့် အရေးပါသည့် သမိုင်းအထောက်အထားများကို လေ့လာသိရှိနိုင်မည်ဖြစ်ကြောင်း။

### အထောက်အကူရရှိနိုင်မည်

ကျန်းမာရေး သင်တန်းကျောင်းတွင်လည်း ပရိဘောဂပစ္စည်း အပြည့်အစုံနှင့် သင်တန်းသား၊ သင်တန်းသူ ၂၀၀ တည်းခိုနေထိုင်နိုင်သည့် တည်းခိုဆောင်များ၊ သင်တန်းသား ၂၀၀ ဆံ့ သင်တန်းခန်းမ တစ်ခု၊ သင်တန်းသား ၁၀၀ ဆံ့ သင်တန်းခန်းမ တစ်ခု၊ သင်တန်းသား ၅၀ ဆံ့ သင်တန်းခန်းမ လေးခုတို့နှင့် စားသောက်ခန်းမများ စုံလင်စွာ ပါရှိသည်ဟု သိရှိရကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းကို တည်ထောင်ဖွင့်လှစ်နိုင်ခြင်းအားဖြင့် မိမိတို့နိုင်ငံအတွင်းတွင် ရောဂါထိန်းချုပ်ရေးနှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုအားကောင်းလာမည်ဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များဖြစ်သည့် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာ နေထိုင်နိုင်ရေးနှင့် လူတိုင်းရောဂါဘယ ကင်းရှင်းရေးတို့အတွက် ကြီးမားသည့် အထောက်အကူ ရရှိနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာနနှင့် သင်တန်းကျောင်း ပေါ်ပေါက်လာရန် ထောက်ပံ့ကူညီပေးခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့် ပြည်သူများ၊ တည်ဆောက်ရေးစီမံကိန်းကို အဓိကတာဝန်ယူ ဆောင်ရွက်ခဲ့သည့် China Communications Construction Company–Third Harbor Engineering Co.,Ltd မှ တာဝန်ရှိသူများနှင့် ပညာရှင်များ၊ ပညာရပ်ပိုင်းနှင့် နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီခဲ့သည့် ကျန်းစု CDC မှ ပညာရှင်များနှင့် အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်ပေးခဲ့ကြသည့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ အားလုံးကို နိုင်ငံတော်အစိုးရနှင့် ပြည်သူများ အားလုံးကိုယ်စား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**" မိမိတို့ မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့်မီ ရောဂါကာကွယ်ထိန်းချုပ်ရေး၊ သုတေသနပြုလုပ်ရေးနှင့် ကျန်းမာရေးလှုစွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးရေးဗဟိုဌာနတစ်ခု ထူထောင်နိုင်ရန်အတွက် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ နှစ်နိုင်ငံချစ်ကြည်ရေး သင်္ကေတအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက ကူညီတည်ဆောက်ထူထောင်ပေးခြင်းဖြစ် "**

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်က Myanmar CDC and Medical Training Center နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာနနှင့် သင်တန်းကျောင်း မှတ်တမ်းဗီဒီယိုကို ပြသသည်။

### ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာနနှင့် သင်တန်းကျောင်းအဆောက်အဦဆိုင်ရာ စာရွက်စာတမ်းများကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ လွှဲပြောင်း ပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်တို့ကို ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်များ ပေးအပ်ကြသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၁၈၈၆ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ကုသရေး၊ ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး၊ ကာကွယ်ဆေးထိုးခြင်းနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး လုပ်ငန်းများ *စာမျက်နှာ ၆ သို့*





မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်က မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းအဆောက်အဦဆိုင်ရာ စာရွက်စာတမ်းများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းထံ လွှဲပြောင်းပေးအပ်စဉ်နှင့် ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။



မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းအတွင်း ပြင်ဆင်ထားရှိမှုများကို တွေ့ရစဉ်။

*စာမျက်နှာ ၅ မှ*

ပါဝင်သော ကျန်းမာရေးဌာနကို စတင်တည်ထောင်ခဲ့ပြီး ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တစ်စထက်တစ်စ တိုးမြှင့်ဆောင်ရွက်နိုင်မှုကြောင့် မြန်မာနိုင်ငံတွင် ၁၉၇၇ ခုနှစ်တွင် ကျောက်ကြီးရောဂါ (Smallpox) အမြစ်ပြတ် ပပျောက်ကြောင်း၊ ၂၀၀၃ ခုနှစ်တွင် အနာကြီးရောဂါ ကင်းစင်ပပျောက်ကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် မိခင်နှင့် မွေးကင်းစကလေး မေးခိုင်ရောဂါကင်းစင်ပပျောက်ကြောင်း၊ ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်တွင် ပိုလီယိုရောဂါကင်းစင်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် မျက်ခမ်းစပ်ရောဂါသည် ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်မှ ကင်းဝေးပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အသိအမှတ်ပြုလွှာများ၊ တံဆိပ်များဖြင့် အသိအမှတ်ပြုခြင်း ခံခဲ့ရသည့်အပြင် ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍအသီးသီးတွင်လည်း နိုင်ငံတကာတွင် ဆောင်ရွက်နေမှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် ၂၀၂၀ ပြည့်နှစ်မှစ၍ ကမ္ဘာအသီးသီးတွင် ကူးစက်ဖြစ်ပွားခဲ့သော ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါနှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၏ လမ်းညွှန်မှု၊ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ၏ ကြီးကြပ်မှုတို့ဖြင့် အောင်မြင်စွာ ထိန်းချုပ်ဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာနနှင့် သင်တန်းကျောင်း မြန်မာ CDC အဆောက်အဦကို မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ချစ်ကြည်ရေးသင်္ကေတအဖြစ် စတင်တည်ဆောက်ခဲ့ရာ ၂၀၂၄ ခုနှစ် မေလတွင် တည်ဆောက်ပြီးစီးပြီဖြစ်၍ ဇွန် ၁၃ ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းတွင် ကူးစက်လွယ်သော ရောဂါများဖြစ်သည့် လေနှင့် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ စစ်ဆေးနိုင်သည့် နိုင်ငံတကာအဆင့်မီ ဇီဝလုံခြုံမှု အဆင့်(၃) ဓာတ်ခွဲခန်း၊ အသင့်အတင့် ကူးစက်နိုင်ခြေရှိသည့် ဗိုင်းရပ်စ်နှင့် ဗက်တီးရီးယားများကို စစ်ဆေးနိုင်သော ဇီဝလုံခြုံမှုအဆင့် (၂) ဓာတ်ခွဲခန်းများ၊ ဓာတ်ခွဲခန်းမှတစ်ဆင့် ကူးစက်နိုင်ခြေနည်းပါးသည့်အစားအသောက်များတွင် ကူးစက်ရောဂါပိုး ပါဝင်မှု၊ မျိုးမပွားနိုင်သည့် ဗိုင်းရပ်စ်အပိုင်းများ၊ ကပ်ပါးပိုးများ စစ်ဆေးနိုင်သည့် ဇီဝလုံခြုံမှုအဆင့် (၁) ဓာတ်ခွဲခန်းများနှင့် လူကို အဆိပ်သင့်နိုင်သည့် ပတ်ဝန်းကျင်ရှိဓာတ်ပစ္စည်းများကို စစ်ဆေးနိုင်သည့် ဓာတ်ခွဲခန်း၊ ဓာတုအဆိပ်များကို စစ်ဆေးနိုင်သည့် ဓာတ်ခွဲခန်း၊ သွေး၊ သွေးရည်ကြည်နှင့် မော်လီကျူးစစ်ဆေးနိုင်သည့် ဓာတ်ခွဲခန်း၊ electron microscopy ၊ gas နှင့် liquid များကို စစ်ဆေးနိုင်သည့် ဓာတ်ခွဲခန်းများ ပါရှိသည်။

မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းသည် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ဆွေမျိုးပေါက်ဖော် ရင်းနှီးမှု၏ သမိုင်းမှတ်တမ်းအဖြစ်သာမက မြန်မာ CDC တွင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကဲ့သို့ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများ၊ အသစ်ဖြစ်ပေါ်လာသည့် ကူးစက်ရောဂါများ၊ အဓိကကျသည့် ကူးစက်ရောဂါများဖြစ်သော HIV/AIDS ရောဂါ၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါစသည့် ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်ရန်၊ မကူးစက်တတ်သောရောဂါများ ကာကွယ်ထိန်းချုပ်ရန်၊ သဘာဝဘေးနှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများအတွက် ကျန်းမာရေးကဏ္ဍ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း၊ အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးကိစ္စရပ်များ ဆက်သွယ်ဆောင်ရွက်ခြင်း၊ တိုးချဲ့ကာကွယ်ဆေးထိုးခြင်းနှင့် သုတေသနပြုခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းအတွင်း ပြင်ဆင်ထားရှိမှုများကို တွေ့ရစဉ်။



မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းအတွင်း ပြင်ဆင်ထားရှိမှုများကို တွေ့ရစဉ်။

## ပြည်တက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အားကစားပြိုင်ပွဲများနှင့် အားကစားသင်တန်းများ ဖွင့်ပွဲကျင်းပ

**ပြည် ဇွန် ၁၃**

ပြည်တက္ကသိုလ်၏ ၂၀၂၃- ၂၀၂၄ ပညာသင်နှစ် (ဒုတိယပညာသင်ကာလ) ဘာသာရပ်ပေါင်းစုံ အားကစားပြိုင်ပွဲများနှင့်အားကစားသင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက တက္ကသိုလ်အားကစားရုံ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ပြည်တက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာသက်လွင်က အမှာစကား ပြောကြားပြီး ပြိုင်ပွဲများနှင့် သင်တန်းများကို စတင်ဖွင့်လှစ်ပေးသည်။ ယင်းနောက်ပြည်တက္ကသိုလ်အားကစားဌာနမှ အားကစားမှူးနှင့် ဘာသာရပ်ပေါင်းစုံ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြပြီး သင်္ချာဘာသာရပ်အသင်းနှင့် အရှေ့တိုင်းပညာ ဘာသာရပ်အသင်းတို့၏ (အမျိုးသား) ပိုက်ကျော်ခြင်းပြိုင်ပွဲကို ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကြည့်ရှုအားပေးကြသည်။



အဆိုပါ ပြည်တက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အားကစားပြိုင်ပွဲများနှင့် သင်တန်းများ ကျင်းပ/ဖွင့်လှစ်ရာတွင် ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲအပါအဝင် အမျိုးသားဘောလုံးပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီးဘော်လီဘောနှင့် ကြက်တောင်ရိုက် ပြိုင်ပွဲများကို ဇွန် ၁၃ ရက်မှ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာ့ရိုးရာခြင်းလုံးနှင့် ဂျူဒိုအားကစားသင်တန်းများကိုလည်း ဇွန် ၁၃ ရက်မှ ၂၂ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုဆက်(ပြန်/ဆက်)**

## ပဲခူးမြို့၌ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အသိပညာပေး

**ပဲခူး ဇွန် ၁၃**

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန် ၁၃ ရက်နံနက်က ပဲခူးမြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သန္တာထွေးက အမှာစကားပြောကြားပြီး ကလေးသူငယ်အခွင့်အရေးများအကြောင်းနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအကြောင်းတို့ကို အသိပညာပေးရှင်းလင်းပြောကြားသည်။

ထို့နောက် ပဲခူးမြို့ အမှတ်(၁)မူလတန်းကြိုကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာစမ်းက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပါအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးက နိဂုံးချုပ်အမှာစကားပြောကြားကာ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန္တာကျော်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **သက်ထက်**



## အလုပ်တွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှုအတွက် အကျိုးခံစားခွင့်ထုတ်ပေး

**ကျောက်ဆည် ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုကြောင့် အမြဲတမ်းမသန်စွမ်းမှုအတွက် အကျိုးခံစားခွင့်ထုတ်ပေးခြင်းကို ယနေ့နံနက်က မြို့နယ်လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် လူမှုဖူလုံရေးရုံးမှ တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ထွန်းက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ထွန်းနှင့် ကျောက်ဆည်မြို့နယ်လူမှုဖူလုံရေးရုံးမှ တာဝန်ခံအရာရှိ ဒေါ်ယုယုမော်တို့က ကျောက်ဆည်မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော Myanmar Naing Group Co.,Ltd မှ အာမခံအလုပ်သမား ဦးကျော်မင်းဦး၏ လုပ်ငန်းခွင်တွင် ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှုအတွက် အကျိုးခံစားခွင့်ငွေကျပ် ၈၈၂၀၀၀၀ နှင့် အာမခံအလုပ်သမား ခုနစ်ဦး၏ နာရေးစရိတ်အကျိုးခံစာခွင့်၊ မီးဖွားမှုနှင့် မီးဖွားစရိတ်အကျိုးခံစားခွင့်၊ ဆေးဖိုးကုန်ကျငွေကျပ် ၅၀၅၅၇၃၃ ဒသမ ၆၈ ကို ပေးအပ်ရာ Myanmar Naing Group Co.,Ltd မှ အာမခံအလုပ်သမား ဦးကျော်မင်းဦးက ကျေးဇူးတင်စကားပြောကြားသည်။ **ခရိုင်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်



**နေပြည်တော် ဇွန် ၁၃**

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိရေကူးကန်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားမီတာ ၂၀၀ လွှန်းပျံအလွတ်ကူး ဗိုလ်လုပွဲယှဉ်ပြိုင်နေမှုနှင့် အမျိုးသမီးမီတာ ၂၀၀ လွှန်းပျံအလွတ်ကူး ဗိုလ်လုပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် Jeng Phang နော်တောင်၊ ဒေါက်တာစိုးဝင်းနှင့် ဒေါက်တာမျိုးသိန်းကျော်တို့က အမျိုးသမီးမီတာ ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများ၊ အမျိုးသားမီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများနှင့် အမျိုးသမီးမီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးရန်ကျော်နှင့် ဦးရွှေကြိမ်းတို့က အမျိုးသားမီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများနှင့် အမျိုးသမီးမီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ခွန်စံလွင်က အမျိုးသားမီတာ ၂၀၀ လွှန်းပျံအလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆု ရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး အသင်းတို့ကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေက အမျိုးသမီးမီတာ ၂၀၀ လွှန်းပျံအလွတ်ကူးပြိုင်ပွဲတွင် ပထမဆု ရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့်ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်က အကောင်းဆုံးအမျိုးသမီး အားကစားသမားဆုနှင့် အကောင်းဆုံးအမျိုးသားအားကစားသမားဆုရရှိကြသူများကို ဆုဖလားနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ပိုးရယ်အောင်သိန်းတို့က အမျိုးသမီးတံခွန်စိုက်ဆုဖလားနှင့် အမျိုးသားတံခွန်စိုက်ဆုဖလားရရှိကြသည့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးအသင်းနှင့်အမျိုးသားအသင်းတို့ကို တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ရေကူးပြိုင်ပွဲတွင် စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို စုပေါင်းတံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ဝဲပုံ)**

ယခုကျင်းပသည့် ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲကို ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ လူငယ်များရေကူးအားကစားနည်းကို ပိုမိုစိတ်ပါဝင်စားလာစေရေးနှင့် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်ရေကူး အားကစားလူငယ်များ ပေါ်ထွက်လာစေရေးအတွက် ရည်ရွယ်၍ ဇွန် ၁၂ ရက်မှ ၁၃ ရက်အထိ ကျင်းပပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## Myanmar CDC နှင့် China CDC တို့အကြား နှစ်ဦးနှစ်ဖက် နားလည်မှုစာချွန်လွှာ Memorandum of Understanding (MoU) လက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပ



**နေပြည်တော် ဇွန် ၁၃**

Myanmar CDC နှင့် China CDC တို့အကြား နှစ်ဦးနှစ်ဖက် နားလည်မှုစာချွန်လွှာ Memorandum of Understanding (MoU) လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်း Myanmar CDC ၌ ကျင်းပပြုလုပ်သည်။ **(အပေါ်ယာပုံ)**

အခမ်းအနားတွင် နားလည်မှုစာချွန်လွှာ (MoU) ကို Myanmar CDC ကိုယ်စားပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းနှင့် China CDC ကိုယ်စား Prof. Li Qun (Deputy Director General, China CDC)တို့က လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

နားလည်မှု စာချွန်လွှာ လက်မှတ် ရေးထိုးခြင်းဖြင့် မြန်မာ – တရုတ် နှစ်နိုင်ငံအကြား တီဘီ၊ အိပ်ချ်အိုင်ဗွီ၊ ငှက်ဖျား၊ သွေးလွန်တုပ်ကွေးနှင့် အခြားသော ကူးစက်ရောဂါများအပါအဝင် ကူးစက်ရောဂါများကို ထိန်းချုပ်ကာကွယ်ခြင်း၊ ဆီးချိုရောဂါနှင့် သွေးတိုးရောဂါကဲ့သို့ မကူးစက်နိုင်သောရောဂါများကို ကာကွယ်ကုသခြင်း၊ ဓာတ်ခွဲခန်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ကျန်းမာရေးဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျန်းမာရေးဝန်ထမ်းများကို လေ့လာရေးခရီးသင်တန်းများစေလွှတ်ခြင်း၊ ပူးတွဲသုတေသန ပြုလုပ်ခြင်းနှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများကို လျင်မြန်စွာ တုံ့ပြန်နိုင်ရေး ပူးပေါင်းဆောင်ရွက်ခြင်း စသည့်နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းနှင့်အတူ ရန်ကုန်မြို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ စီးပွားရေးကောင်စစ်ဝန် Mr. Ouyang Daobing၊ Myanmar CDC၊ China CDC၊ ယူနန်ပြည်နယ် Yunnan Disease Control and Prevention Administration နှင့် National Institute of Parasite Disease (China CDC) တို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အခမ်းအနားအပြီးတွင် (၈)ကြိမ်မြောက် မြန်မာ – တရုတ် နှစ်နိုင်ငံ ကူးစက်ရောဂါနှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေး အလုပ်ရုံဆွေးနွေးပွဲ ဆက်လက်ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကံမမြို့နယ်၌ နွေစပါး တစ်ဧက ၁၅၉ တင်းကျော် ထွက်ရှိ

**ရန်ကုန် ဇွန် ၁၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ဦးဆောင်မှုဖြင့် နွေစပါးစံကွက် ရိတ်သိမ်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ဒူးပြင်ကျေးရွာအုပ်စု ကဒူးပြင်ကျေးရွာ ကွင်းအမှတ် (၁၆၅–ခ) ဦးပိုင်အမှတ်(၁၀၃)ရှိ တောင်သူ ဦးစိုးလွင်၏ တိုက်ရိုက်မျိုးစေ့ချကိရိယာ(Seeder)ဖြင့် စိုက်ပျိုးသော လယ်မြေ တစ်ဧကတွင် ကျင်းပသည်။ **(ဝဲပုံ)**



အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်စိုးက မဒေးဆည်ရေသောက်ဧရိယာတွင် သုံးသီးစိုက်ပျိုးမည့် သီးနှံပုံစံကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် စံကွက်ရိတ်သိမ်းရာ နွေစပါးအစို ၁၇၇ ဒသမ ၁၁ တင်း၊ အခြောက် ၁၅၉ ဒသမ ၄၀ တင်းထွက်ရှိသည်။ ကံမမြို့နယ်၌ ယခုနှစ် နွေစပါးရာသီတွင် ဆာဖိုးသာမျိုးဖြင့် မဒေးဆည်ရေသောက်၌ ၁၈၀၃ ဧကနှင့် ခြောက်ထောင့်ဆိုလာလျှပ်စစ်ရေတင်တွင် ၂၁၇ ဧက စုစုပေါင်းနွေစပါး ဧက ၂၀၂၀ စိုက်ပျိုးထားကြောင်း သိရသည်။ **အောင်ကျော်(ပြန်/ဆက်)**



မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်း ဆိုင်းဘုတ်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၂ ရက်ကကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်ကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။ မြို့နယ်(ပြန် /ဆက်)

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာရေးနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆွေးနွေး



**နေပြည်တော် ဇွန် ၁၃**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး ဒေါက်တာမိုဟာမက် မွန်(န)ဝါ ဟူစိန် အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာရေးနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းမှုထိန်းသိမ်းရန်အတွက် နှစ်ဖက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံ ပြည်သူချင်းထိတွေ့ဆက်ဆံမှုမြှင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံရှိ စက်မှုလုပ်ငန်းများအတွက်လိုအပ်သော စက်မှုကျွမ်းကျင်လုပ်သားများမွေးထုတ်ရေး၊ ဆေးဝါးထုတ်လုပ်ရေး၊ MSME များ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဇွန် ၁၃**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် သီရိလင်္ကာသံအမတ်ကြီး Mrs. Ponnamperuma Arachige Prabashini Ponnam-peruma အား ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀)ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ဝဲပုံ)

တွေ့ဆုံစဉ် မြန်မာနိုင်ငံရှိ စက်မှုလုပ်ငန်းများအတွက် လိုအပ်သောစက်မှုကျွမ်းကျင်လုပ်သားများမွေးထုတ်ရေး၊ ဆေးဝါးထုတ်လုပ်ရေး၊ MSME များ ဖွံ့ဖြိုးတိုးတက်ရေး၊ သံ၊ သံမဏိ၊ ဘိလပ်မြေနှင့်အဝတ်အထည်ထုတ်လုပ်ရေး စသည့်ကိစ္စရပ်များကိုရင်းရင်းနှီးနှီး အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ (ယူအေအီးနိုင်ငံ)တွင် မြန်မာအလုပ်သမားများ အခက်အခဲတစ်စုံတစ်ရာဖြစ်ပေါ်လာပါက ယူအေအီးနိုင်ငံ၏ ဥပဒေများနှင့်အညီ အကာအကွယ်ပေးနိုင်ရေးဆွေးနွေး



**နေပြည်တော် ဇွန် ၁၃**

အလုပ်သမား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ သံအမတ်ကြီး Mr. Mutaz Abdullah Abduljha-leel Mohamed Al Faheem အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ယာပုံ)

တွေ့ဆုံစဉ် မြန်မာအလုပ်သမားများ၏ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိနိုင်ရေး၊ အလုပ်သမားနှင့် ၎င်းတို့၏ မိသားစုဝင်များ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်ပအလုပ်သမား ဈေးကွက်တိုးချဲ့နိုင်ရေး၊ အလုပ်သမားဝန်ကြီးဌာနမှ ယူအေအီး၊ ကာတာ၊ ကူဝိတ်၊ ဂျော်ဒန် အစရှိသည့် အရှေ့အလယ်ပိုင်း နိုင်ငံများသို့ စေလွှတ်ခွင့်ပြုပေးနေမှု၊ နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးသည့် နိုင်ငံများသို့စေလွှတ်နေမှုနှင့် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခြင်း မရှိသည့်နိုင်ငံများသို့ အလုပ်ကမ်းလှမ်းစာ (Demand Letter) စိစစ်သည့်လုပ်ငန်းစဉ်ဖြင့် စေလွှတ်ခွင့်ပြုပေးနေမှု၊ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ (ယူအေအီးနိုင်ငံ) တွင် မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမား ၄၀၀၀ ကျော် ရောက်ရှိလုပ်ကိုင်လျက်ရှိရာ မြန်မာအလုပ်သမားများ အခက်အခဲတစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက ယူအေအီးနိုင်ငံ၏ ဥပဒေများနှင့်အညီ အကာအကွယ်ပေးနိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ အမြဲတမ်းအတွင်းဝန်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# မှော်ဘီမြို့၌ ရာသီဥတုအညွှန်းကိန်းအခြေပြု သီးနှံအာမခံဆောင်ရွက်နိုင်ရေးအသိပညာပေးဆွေးနွေး



**ရန်ကုန် ဇွန် ၁၃**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့၌ မြန်မာ့အာမခံလုပ်ငန်းနှင့် မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူတို့က ရာသီဥတုအညွှန်းကိန်းသီးနှံအာမခံလုပ်ငန်းနှင့်ပတ်သက်၍ ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် တောင်သူများသို့ အသိပညာပေးဆွေးနွေးပွဲကို ဇွန် ၁၀ ရက်က မှော်ဘီမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ အစည်း အဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မှော်ဘီမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်စည်က အမှာစကားပြောကြားပြီး မြန်မာ့အာမခံလုပ်ငန်းမှ မန်နေဂျာ ဒေါ်သင်းသင်းဦးက ရာသီဥတုအညွှန်းကိန်းအခြေပြု သီးနှံအာမခံလုပ်ငန်းရည်ရွယ်ချက်၊ အာမခံထားရှိခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ သီးနှံအာမခံလုပ်ငန်းဆိုင်ရာတို့ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ခွဲ)မှ မြို့နယ်မန်နေဂျာ ဒေါ်တင်ထူးထူးအောင်က စိုက်ပျိုးစရိတ်ချေးငွေလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။ ဆွေးနွေးပွဲအခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ စုစုပေါင်း ၁၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ်အား ဆဋ္ဌမူအတိုင်း ကွန်ပျူတာစာစီဖြင့် ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ





**နေပြည်တော် ဇွန် ၁၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ်အား ဆဋ္ဌမူအတိုင်း ကွန်ပျူတာစာစီဖြင့် ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန တိုးချဲ့ သုံးထပ်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တကေသရ အမှူးပြုသော ဆရာတော်ကြီး ၁၁ ပါး Video Conferencing ဖြင့်တက်ရောက်ကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဦးအေးထွန်း၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဦးစွာ အစည်းအဝေးကို “နမောတဿ” သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ပိဋကသုံးပုံပါဠိတော် အုပ်ရေ ၄၀ ကို ရွှေသုဝဏ်ဆရာတော်ကြီး ဘဒ္ဒန္တသဒ္ဓိယက ကွန်ပျူတာစာမူဖြင့်ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ယခုအခါ အဋ္ဌကထာ ၅၁ အုပ်ကို ကွန်ပျူတာစာမူဖြင့် ပုံနှိပ်နိုင်ရေး ဆောင်ရွက်လျက် ရှိကြောင်း၊ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နာယကအဖွဲ့ ဆရာတော်ကြီးများ၊ လုပ်ငန်းကော်မတီအဖွဲ့ ဆရာတော်ကြီးများ၊ အထောက်အကူပြုကော်မတီအဖွဲ့များကို ဖွဲ့စည်းနိုင်ရေး ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်က ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ၍ ဆောင်ရွက်ခဲ့ကြောင်း၊ ပါဠိစာပေနှင့် ကွန်ပျူတာကျွမ်းကျင်သူ ဝန်ထမ်းစုစုပေါင်း ၃၀ တို့ဖြင့် စတင်ဆောင်ရွက်ခဲ့ကြောင်း။

ယခုအခါ စက်တင်ပုံနှိပ်လျက်ရှိသည့် ကျမ်းစာအုပ်ငါးအုပ်၊ ဆရာတော်ကြီးများက စိစစ်တည်းဖြတ်ဆဲစာအုပ် ၁၈ အုပ်နှင့် ကွန်ပျူတာစာမူပြုစုရေးအဖွဲ့က စာမူပြုစုဆဲ ခြောက်အုပ်တို့ကို ကြိုးစားဆောင်ရွက်လျက် ရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်ရမည့် ကျမ်းစာအုပ် ၂၂ အုပ် ကျန်ရှိနေသေးကြောင်း၊ စက်တင်ပုံနှိပ်ပြီး အဋ္ဌကထာကျမ်းများမှာ ပါရာဇိကကဏ္ဍ အဋ္ဌကထာ(ပထမတွဲ)၊ သီလက္ခန္ဓဝဂ္ဂ အဋ္ဌကထာ၊ ပါစိတျာဒိ အဋ္ဌကထာ၊ (ဝိနည်း)မဟာဝဂ္ဂ အဋ္ဌကထာနှင့် အင်္ဂုတ္တရ အဋ္ဌကထာ (တတိယတွဲ) တို့ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆရာဒကာ ညီညွတ်စွာလက်တွဲ၍ ဆောင်ရွက်လျက်ရှိရာ ကျမ်းစာအုပ် ၂၂ အုပ်ကိုလည်း အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် ကြိုးစားစိစစ်ပေးတော်မူကြပါရန် လျှောက်ထားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒက ယခုလုပ်ငန်းသည် ကြီးမားကျယ်ပြန့်သည့်အတွက် ပရိယတ္တိစာပေကျွမ်းကျင်သည့် ဆရာတော်ကြီးများ၊ စာသင်တိုက်ကြီးများ ပါဝင်စေလိုကြောင်း၊ ဦးစီးဦးဆောင်လုပ်သည့် ဆရာတော်ကြီးများကို လုပ်ငန်းအဖွဲ့များတွင် ပါဝင်စေလိုကြောင်း မိန့်ကြားပြီး နေပြည်တော်ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျ ကျောင်းတိုက် ပဓာနနာယကပါဠိဆရာတော်ကြီး ဘဒ္ဒန္တဝိမလဗုဒ္ဓိက ထပ်ခါထပ်ခါကူးယူရခြင်းနှင့် ထပ်ခါထပ်ခါ ပုံနှိပ်ရခြင်းတို့ကြောင့် ချို့ယွင်းမှုများမရှိရန် အသေအချာစိစစ်ရန်လိုကြောင်း မိန့်ကြားသည်။

ထို့နောက်နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကေသရက လုပ်ငန်းဆောင်ရွက်သူများအနေဖြင့် အမှားအယွင်း မရှိစေရေး၊ ကွန်ပျူတာကျွမ်းကျင်ရန်နှင့် ပါဠိစာပေကျွမ်းကျင်ရန် အရေးကြီးကြောင်း မိန့်ကြားပြီး ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်တောရ(မြို့တော်ဝန်)ကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တခေမာနန္ဒက သာသနာရေးဦးစီးဌာနက ၁၉၅၆၊ ၁၉၅၇၊ ၁၉၅၈၊ ၁၉၅၉ ခုနှစ်နှင့် ၁၉၆၈၊ ၁၉၆၉၊ ၁၉၇၀၊ ၁၉၇၁ ခုနှစ်များတွင် ပုံနှိပ်ထုတ်ဝေသော အဋ္ဌကထာစာအုပ်များနှင့် တိုက်ဆိုင်စစ်ဆေးစေလိုသဖြင့် အတည်ပြုဆုံးဖြတ်ပေးတော်မူပါရန် လျှောက်ထားရာ ကြွရောက်လာကြသော ဆရာတော်များက အတည်ပြုတော်မူကြသည်။

ယင်းနောက် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) ဒုတိယပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တဇောတိကက မြတ်စွာဘုရားဟောကြားတော်မူသော ပိဋကသုံးပုံပါဠိတော်များကို ဖွင့်ဆိုသည့်ကျမ်းများဖြစ်သည့်အတွက် ခက်ခဲနက်နဲသဖြင့် သာမန်ဆောင်ရွက်၍ မရကြောင်းနှင့် လေးလေးနက်နက်နှင့် ပိုင်ပိုင်နိုင်နိုင်ဆောင်ရွက်ရန်လိုကြောင်း လျှောက်ထားပြီး နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး) မော်ကွန်းထိန်းဆရာတော် ဒေါက်တာဘဒ္ဒန္တကုမုဒက အဋ္ဌကထာကျမ်းစာအုပ်များ ဆဋ္ဌမူအတိုင်း ကွန်ပျူတာစာစီဖြင့် ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေး စာမူစိစစ်တည်းဖြတ်ရာတွင် စာစစ်ပုံ စာစစ်နည်းများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကွန်ပျူတာပညာရှင်တစ်ဦးက အဋ္ဌကထာကျမ်းစာအုပ်များ ဆဋ္ဌမူအတိုင်း ကွန်ပျူတာစာစီဖြင့် ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းလျှောက်ထားတင်ပြပြီး ဒုတိယဝန်ကြီးက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ အဋ္ဌကထာကျမ်းစာအုပ်များ ဆဋ္ဌမူအတိုင်း ကွန်ပျူတာစာစီဖြင့် ပြန်လည်ထုတ်ဝေနိုင်ရေး လျှောက်ထားရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်ကြီးက စနစ်တကျဆောင်ရွက်ရန် လိုအပ်ကြောင်း မိန့်ကြားခဲ့မှုအခြေအနေကို ဆွေးနွေးလျှောက်ထား တင်ပြသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ်အား ဆဋ္ဌမူအတိုင်း ကွန်ပျူတာစာစီဖြင့် ပြန်လည်ပုံနှိပ် ထုတ်ဝေနိုင်ရေးအတွက် ဩဝါဒါစရိယဆရာတော်ကြီးများ၊ နာယကအဖွဲ့ ဆရာတော်ကြီးများ၊ လုပ်ငန်းကော်မတီ ဆရာတော်ကြီးများ ပြင်ဆင်ဖွဲ့စည်းမှုနှင့် စာမူစိစစ်ရေး ဆရာတော်များအဖွဲ့ ၂၃ ဖွဲ့ လျှာထားချက် လျှောက်ထားရာ အတည်ပြုပေးတော်မူကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအေးထွန်းက အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ်အား ဆဋ္ဌမူအတိုင်း ကွန်ပျူတာစာစီဖြင့် ပုံနှိပ်ထုတ်ဝေနိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကား လျှောက်ထားကာ “ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု” သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပနိုင်ရေး အရှေ့တောင်အာရှအားကစားအဖွဲ့ချုပ်များ ပထမအကြိမ်အစည်းအဝေး တက်ရောက်ရန် ထိုင်းနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် ဇွန် ၁၃**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဇွန်၁၄ ရက်မှ၁၅ ရက်အထိ ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပနိုင်ရေး အရှေ့တောင်အာရှအားကစားအဖွဲ့ချုပ်များ ပထမအကြိမ်အစည်းအဝေး (1st Southeast Asian Games Federation (SEAGF) Meetings) သို့ တက်ရောက်ရန် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။



မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့်အတူ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် သက်ဆိုင်ရာကော်မတီအလိုက် အဖွဲ့ဝင်များလည်း လိုက်ပါသွားကြောင်း သိရသည်။

**သတင်းစဉ်**

- ■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- ■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ဆင်ဆာကို အပြစ်မရှာနဲ့

အေးမြင့်အောင်

**❍ ဆင်ဆာအဖွဲ့ရဲ့ စိစစ်ခြင်း၊ အကြံပြုခြင်းတွေဟာ ရုပ်ရှင်လောကသားတစ်ဦးချင်းရဲ့ အခွင့်အရေးနဲ့ အကျိုးစီးပွားတစ်ခုတည်းအတွက်သာ ရှေးရှုဆောင်ရွက်ရတာ မဟုတ်ဘဲ အများပြည်သူရဲ့ အကျိုးစီးပွားနဲ့ အခွင့်အရေးတွေကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ရတာဖြစ်တဲ့အတွက် ဆက်စပ်နားလည်ပေးကြဖို့ လိုအပ်**

ဒီရက်ပိုင်းအတွင်း ရုပ်ရှင်နဲ့ပတ်သက်ပြီး ပြောစရာတွေရှိနေပေမယ့် မပြောဘဲ ရေငုံနှုတ်ပိတ်နေခဲ့ပါတယ်။ အဲဒီလို ရေငုံနှုတ်ပိတ်နေပြန်တော့လည်း အစွန်းရောက်အနုပညာသမားလိုလို၊ လူ့အခွင့်အရေးသမားလိုလိုတွေက ပါးစပ်ထဲတွေ့ရာ စံနှုန်းတွေကို ဒီမိုကရေစီစံနှုန်းတွေနဲ့ တွဲစပ်ပြီး စိတ်ကူးတည့်ရာ ပြောကြားတာတွေညံလာလို့ မပြောမဖြစ် ပြောရပါတော့မယ်။

သိကြတဲ့အတိုင်း လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ပြည်ဖျက်မီဒီယာတွေ၊ ပြည်ပလက်ဝေခံ အမျိုးဖျက်မီဒီယာတွေက လုပ်ကြံသတင်းတစ်ပုဒ် ထုတ်လွှင့်ခဲ့ပါတယ်။ ဇွန်လ ၁၂ ရက်နေ့က သမ္မတရုပ်ရှင်ရုံမှာ အနုပညာလွတ်လပ်ခွင့်တွေအတွက် ဆန္ဒပြနေပါတယ်ဆိုပြီး လုပ်ကြံသတင်းတွေ တွေ့လိုက်ရလို့ ကျွန်တော့်အတွက် ပြောစရာတွေတစ်ပုံကြီး ဖြစ်လာပါတော့တယ်။ အဲဒီသတင်းမှာပါတဲ့ ဓာတ်ပုံတွေဟာ သမ္မတရုပ်ရှင်ရုံရဲ့ ပုံတွေမဟုတ်ဘဲ ဘယ်တုံးကမှန်းမသိ၊ ဘယ်နေရာကမှန်းမသိတဲ့ ပုံတွေဖြစ်နေတော့ အနုပညာအမည်ခံလူပုဂ္ဂိုလ်အချို့နဲ့ ပြည်ဖျက်မီဒီယာအချို့ရဲ့ ပြည်သူကို ဂျင်းထည့်ပြောဆိုမှုတွေသာ ဖြစ်တယ်လို့ နားလည်မိပါတယ်။

## အနုပညာကို တလွဲမသုံးနဲ့

ကျွန်တော်သိတဲ့ ရုပ်ရှင်အနုပညာဆိုတာ သာမန်ဇာတ်လမ်း၊ ဇာတ်အိမ်တစ်ခုကို ဖန်တီးခင်းကျင်းပြသတာမျိုးထက် အတုကို အစစ်လို့ထင်အောင် လှည့်ဖြားမှုတွေ၊ လှည့်စားမှုတွေဆိုတဲ့ မာယာမျိုးစုံရောနှောပြီး ယုံကြည်အောင် ဖန်တီးပြသတဲ့ အတတ်ပညာလို့ပဲ ရိုးရိုးရှင်းရှင်း နားလည်မိပါတယ်။

ရုပ်ရှင်ကျမ်းစာအုပ်တွေ လှန်ကြည့်ရင် ရုပ်ရှင်ဆိုတာ ဇာတ်သဘင်၊ ဂီတ၊ ဝတ္ထု၊ ပန်းချီ၊ ကဗျာ၊ ပန်းပုစတဲ့ အနုပညာခြောက်မျိုး ပေါ်ပေါက်ပြီးမှ ထွက်ပေါ်လာလို့ ရုပ်ရှင်ကို သတ္တမမြောက် အနုပညာလို့တောင် အမည်ကင်ပွန်းတပ်ကြပါတယ်။

အချို့ကတော့ ရုပ်ရှင်ဆိုတာ အနုပညာ။ အနုပညာဆိုတာ လူသားတွေ အလှကြိုက်တဲ့ အာရုံကို နှစ်သိမ့်မှုပေးနိုင်တဲ့ ပုံကောင်းပုံလှတွေကို ပြုစုပျိုးထောင်ပေးတဲ့ စိတ်လှုပ်ရှားမှုဖြစ်တယ်။ ဝတ္ထုကို ရသစာပေ (Literature)လို့ ခေါ်ဆိုရင် ရုပ်ရှင်ကို ရသပုံရိပ်(Image)လို့ ခေါ်ထိုက်တယ်ဆိုပြီး အဓိပ္ပာယ်ဖွင့်ကြပြန်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ်၊ ရုပ်ရှင်အနုပညာဆိုတာ ကျွန်တော်တို့ လူ့အဖွဲ့အစည်းမှာ စီးပွားရေးအရရော ဩဇာအာဏာအရပါ အင်မတန်အရေးပါနေတာကို လူတိုင်းလက်ခံထားကြပါတယ်။ မိဘဆရာသမားတွေ ရဲ့ ဆုံးမစကားတွေ၊ နီတိကျမ်းတွေထဲက ဆုံးမစကားတွေထက် ရုပ်ရှင်ဇာတ်ကားတွေ၊ ရုပ်ရှင်အနုပညာရှင်တွေရဲ့ စကားတွေဟာ ပရိသတ်အပေါ် လွှမ်းမိုးငြိတွယ်သွားနိုင်တယ်ဆိုတာ လူတိုင်းအသိပဲ ဖြစ်ပါတယ်။ ကုန်ကုန်ပြောရရင် ရုပ်ရှင်ဖန်တီးသူတွေဟာ ကျွန်တော်တို့လုပ်သမျှ မြင်သမျှ အရာခပ်သိမ်းကို လွှမ်းမိုးနိုင်ပြီး အဖြစ်အပျက်ခပ်သိမ်းအပေါ် လိုသလို လမ်းကြောင်းပြောင်းပစ်နိုင်ကြသူတွေပဲ ဖြစ်ပါတယ်။

ကျွန်တော်ပြောခဲ့သလို ရုပ်ရှင်အနုပညာဆိုတာ ပရိသတ်အပေါ် လွှမ်းမိုးလွန်းအားကြီးပြီး ပါဝါကြီးလွန်းတာကြောင့် အချို့အနုပညာရှင်တွေရဲ့ တလွဲဆံပင်ကောင်း လုပ်ဆောင်နေကြတာကို တွေ့ရမြင်ရလွန်းလို့ စိတ်ပျက်ရပါတယ်။

တကယ်တမ်းပြောရရင် ခေတ်အဆက်ဆက် အနုပညာရှင်အချို့ဟာ နိုင်ငံရေးဆိုင်ရာ ဒိုင်မေးရှင်းတွေနဲ့ လူမှုရေးဆိုင်ရာဒိုင်မေးရှင်းတွေကို လိုသလို ဆွဲယူပုံဖော်ပြီး နိုင်ငံရေးနဲ့ လူမှုရေးကစားပွဲတွေမှာ ပါဝါသုံး ဝင်ရောက်ကစားခဲ့ကြပါတယ်။

အလားတူ ကိုယ့်နိုင်ငံရဲ့ ကိုးကွယ်ယုံကြည်မှုတွေ၊ ယဉ်ကျေးမှုတန်ဖိုးတွေ၊ မိရိုးဖလာ ဓလေ့ထုံးတမ်းတွေ၊ အမျိုးသားအမှတ်လက္ခဏာတွေ စတဲ့နိုင်ငံတစ်နိုင်ငံ လူမျိုးတစ်မျိုးရဲ့ တန်ဖိုးဖြတ်လို့မရတဲ့ လူမှုတန်ဖိုးတွေကို ဖျက်လိုဖျက်ဆီးပြုပြီး ရိုက်ချင်သလိုရိုက်၊ ပြချင်သလိုပြ၊ ပြောချင်သလို ပြောဆိုနေကြပါတယ်။

ဒါတွေကို ခြုံပြီးပြောရရင် ပြည်သူတွေလေးစားတန်ဖိုးထားတဲ့ အနုပညာကို မိမိတို့ကိုယ်ကျိုးစီးပွားအတွက် အဆိပ်ခတ်နေကြတာပါပဲ။ ကျွန်တော်တို့မျက်စိထဲမှာတော့...

- ပါးစပ်က **"အနုပညာသည် ပြည်သူအတွက်"** လို့ တွင်တွင်အော်ပြီး နောက်ကွယ်က ငွေကြေးမျိုးစုံ၊ အလှူငွေမျိုးစုံကို ရယူကာ နိုင်ငံရေးကစားကွင်းထဲ ထင်တိုင်းကြဲခဲ့တဲ့ အနုပညာရှင်တွေရဲ့ ပုံရိပ်တွေ၊
- နိုင်ငံရေးသမားတွေရေးတဲ့ ဇာတ်လမ်းဇာတ်ကွက်တွေပေါ်မှာ ဗီလိန်လိုလို၊ မင်းသားလိုလို၊ သူရဲကောင်းလိုလို၊ လူကြမ်းလိုလို ပါဝင်အသုံးတော်ခံကြသူတွေရဲ့ပုံရိပ်တွေ ၊
- အနုပညာအမည်ခံပြီး ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးရဲ့ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်တွေကို ဖျက်ဆီးနေကြသူတွေရဲ့ ပုံရိပ်တွေ၊
- ဟီရိဩတပ္ပတရားကင်းမဲ့ပြီး မိဘဆွေမျိုး မောင်နှမသားချင်းအတူတကွ ကြည့်ရှုလို့ မသင့်တဲ့ ဖန်တီးတင်ဆက်သူတွေရဲ့ပုံရိပ်တွေကို ပြန်လည်မြင်ယောင်ရင်း .....

ပြည်သူချစ်တဲ့ အနုပညာတွေအပေါ် အဆိပ်မခတ်ကြပါနဲ့။ အနုပညာကို တလွဲအဓိပ္ပာယ်ဖွင့်၊ တလွဲ အသုံးမချကြပါစေနဲ့လို့သာ ဆုတောင်းနေရပါတယ်။

## ဆင်ဆာကို ဘယ်လိုမြင်လဲ

ရုပ်ရှင်ဟာ ပြည်သူ့အတွက်လို့ ကြွေးကြော်ထားကြတဲ့ ရုပ်ရှင်လောကသားတွေအနေနဲ့ မိမိတို့ရဲ့ အကျိုးစီးပွားကို ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရမှာဖြစ်သလို တစ်ဖက်ကလည်း အများပြည်သူရဲ့အကျိုးစီးပွားကို ထည့်သွင်းစဉ်းစားဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ပြောရရင် မိမိတို့စိတ်တိုင်းကျလွတ်လပ်စွာ ဖန်တီးရိုက်ကူးနိုင်ဖို့ ကြိုးစားရမှာဖြစ်သလို မိမိတို့ဖန်တီးထုတ်လုပ်လိုက်တဲ့ အနုပညာပစ္စည်းကို ကြည့်ရှုအားပေးကြတဲ့ ပြည်သူတွေရဲ့ အကျိုးစီးပွား မထိခိုက်အောင်၊ မြန်မာ့လူ့အဖွဲ့အစည်း၊ မြန်မာ့လူ့အသိုင်းအဝိုင်းမှာ ပါဝင်သူအားလုံး မထိခိုက်အောင် ပြတတ်၊ ဖန်တီးတတ်ဖို့လည်း လိုအပ်လိမ့်မယ်လို့ ထင်မြင်မိပါတယ်။

မကြာသေးခင်နှစ်များအတွင်းက ရိုက်ကူးခဲ့ကြတဲ့ ရုပ်ရှင်ဇာတ်ကားတွေမှာ သူနာပြု/သားဖွားဆရာမတွေ၊ ကျောင်းသားကျောင်းသူတွေ၊ ဆရာ ဆရာမတွေနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာဇာတ်ဝင်ခန်းတွေကို ရိုက်ကူးပြသကြတဲ့အခါ သက်ဆိုင်ရာ အဖွဲ့အစည်းအလိုက် ဝတ်စားဆင်ယင်မှု လွဲမှားကြတာတွေ၊ အဆောင်အယောင် လွဲမှားနေကြတာတွေ ရှိခဲ့တဲ့အတွက် ဝေဖန် ကန့်ကွက်မှုတွေ ကြုံတွေ့ခဲ့ရပါတယ်။

ဒါ့အပြင် ဘာသာရေး၊ လူမျိုးရေး အမုန်းတရားများ ဖန်တီးလှုံ့ဆော်မှု ဖြစ်ခဲ့တာတွေ၊ မြန်မာလူမျိုးတိုင်း တန်ဖိုးထားဂုဏ်ယူကြတဲ့ ပုဂံယဉ်ကျေးမှု အမွေအနှစ်တစ်ခုလုံးရဲ့ပုံရိပ်ကို များစွာ ညှိုးနွမ်းစေခဲ့တာတွေ၊ လူပုဂ္ဂိုလ်အမည်နဲ့ ဂုဏ်သိက္ခာ ထိခိုက်စေခဲ့တာတွေ၊ မသန်စွမ်းသူတွေကို ထိခိုက်စေခဲ့တာတွေကြောင့် သက်ဆိုင်ရာ ဘာသာရေးအဖွဲ့အစည်းတွေ၊ သက်ဆိုင်ရာ အသင်းအဖွဲ့တွေ၊ သက်ဆိုင်ရာပုဂ္ဂိုလ်တွေက ကန့်ကွက်တိုင်ကြားမှုတွေ ကြုံခဲ့ရတဲ့အတွက် ဆင်ဆာအဖွဲ့အနေနဲ့ ပြေရာပြေကြောင်း ညှိနှိုင်းပြောဆိုဆောင်ရွက်ပေးခဲ့ရတာတွေ ရှိခဲ့ပါတယ်။

အဲဒီအခြေအနေတွေကို ပြန်ကြည့်ရင် ဆင်ဆာအဖွဲ့အနေနဲ့ လွတ်လပ်စွာ အနုပညာဖန်တီး ထုတ်လုပ်မှုတွေအပေါ် ကန့်သတ်တားမြစ်ခြင်းမဟုတ်ဘဲ ငွေကြေးအားဖြင့်ဖြစ်စေ၊ အချိန်အားဖြင့်ဖြစ်စေ၊ အနုပညာအားဖြင့်ဖြစ်စေ စိုက်ထုတ်ဆောင်ရွက်ခဲ့ကြတဲ့ အနုပညာပစ္စည်းကို ပိုပြီး အပြစ်ကင်းစင်စေဖို့၊ အလွန်အကျွံ ရိုက်ကူးပြသမှုတွေကြောင့် နောက်ဆက်တွဲပေါ်ပေါက်လာမယ့် ဘေးထွက်ဆိုးကျိုးတွေကို ပြေပျောက်စေဖို့အတွက် စေတနာနဲ့ ဝေဖန်ထောက်ပြပြင်ဆင်စေခဲ့တယ်ဆိုတာ နားလည်ပေးစေလိုပါတယ်။

လွတ်လပ်ခွင့်ဆိုတာ လူတိုင်းနှစ်သက်ကြတဲ့ အခွင့်အရေးတစ်ခုဖြစ်ပါတယ်။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ်(၁၉)မှာ **"လူတိုင်းဟာ လွတ်လပ်စွာထင်မြင်ယူဆခွင့်နဲ့ လွတ်လပ်စွာ ထုတ်ဖော်ခွင့်ရှိတယ်"** ဆိုပြီး လူသားတစ်ဦးရဲ့ လွတ်လပ်ခွင့်ကို ဖော်ပြထားတာကို တွေ့ရပါတယ်။ ရုပ်ရှင်အနုပညာသမားတွေအနေနဲ့ လွတ်လပ်စွာဖန်တီးရိုက်ကူးပြသလိုခြင်းဟာ လူသားတစ်ဦးရဲ့ သဘာဝကျတဲ့ လိုလားမှုတစ်ခုသာ ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့အားလုံး သတိမမေ့ဖို့လိုတာက ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ်(၂၉)မှာ **"မိမိ၏ အခွင့်အရေးများနဲ့ လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် လူတိုင်းသည် အခြားသူများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြု၍ လေးစားရန် အလို့ငှာလည်းကောင်း၊ ဒီမိုကရေစီ လူ့အဖွဲ့အစည်းတွင် တရားမျှတသော လိုအပ်ချက်များဖြစ်သည့် ကိုယ်ကျင့်တရား၊ အများပြည်သူ အေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းရန် အလို့ငှာလည်းကောင်း၊ ဥပဒေအရ သတ်မှတ်ထားသည့် ကန့်သတ်ချက်များအတိုင်းသာ ကျင့်သုံးပိုင်ခွင့်ရှိသည်"** လို့ ဖော်ပြထားတဲ့အတွက် ကျွန်တော်တို့အားလုံးဟာ စည်းကမ်းစနစ်တကျနဲ့သာ လွတ်လပ်စွာ နေထိုင်ပြုမူလုပ်ကိုင်ဆောင်ရွက်ကြရမှာ ဖြစ်တယ်ဆိုတာ သတိပြုသင့်ကြပါတယ်။

ဆင်ဆာအဖွဲ့ရဲ့ စိစစ်ခြင်း၊ အကြံပြုခြင်းတွေဟာ ရုပ်ရှင်လောကသား တစ်ဦးချင်းရဲ့ အခွင့်အရေးနဲ့ အကျိုးစီးပွားတစ်ခုတည်းအတွက်သာ ရှေးရှုဆောင်ရွက်ရတာမဟုတ်ဘဲ အများပြည်သူရဲ့ အကျိုးစီးပွားနဲ့ အခွင့်အရေးတွေကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ရတာဖြစ်တဲ့အတွက် ဆက်စပ်နားလည်ပေးကြဖို့ လိုအပ်ပါတယ်။

တကယ်လို့ ဆင်ဆာအဖွဲ့ရဲ့ ဆုံးဖြတ်ချက်တွေဟာ ရုပ်ရှင်ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုတွေအပေါ် ထိခိုက်နစ်နာခဲ့ပါကလည်း တည်ဆဲရုပ်ရှင်ဥပဒေ အခန်း(၇)မှာ ဖော်ပြထားတဲ့ အယူခံခြင်းဆိုင်ရာ အခွင့်အရေးတွေကို အသုံးချပြီး ပြန်ကြားရေးဝန်ကြီးဌာနကို ဆက်သွယ်ဆောင်ရွက်ကြခြင်းသာ ကျွန်တော်တို့အားလုံးအတွက် မှန်ကန်တဲ့ အဖြေရှာခြင်းတစ်ခုပဲ ဖြစ်ပါတယ်။

တကယ်တော့ ရုပ်ရှင်နှင့်ဗီဒီယိုဆင်ဆာအဖွဲ့ကို ပြန်ကြည့်ရင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တာဝန်ပေးထားသူတွေ၊ မြန်မာနိုင်ငံဂီတအစည်းအရုံးမှ တာဝန်ပေးထားသူတွေ၊ ရုပ်ရှင်နှင့် စာပေအနုပညာကျွမ်းကျင်သူတွေ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ကိုယ်စားလှယ်တွေ၊ ဥပဒေဆိုင်ရာကျွမ်းကျင်သူတွေနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာလုပ်ငန်းတွေကို နားလည်သိရှိသူ အငြိမ်းစားဝန်ထမ်းတွေ ပါဝင်ကြပါတယ်။

*စာမျက်နှာ ၁၁ သို့*

**❑ ဆင်ဆာအဖွဲ့မှာ ပါဝင်ကြတဲ့သူတွေဟာ ရုပ်ရှင်အနုပညာကို လုံးဝနားမလည်သူတွေ၊ လူ့သဘောသဘာဝနဲ့ လူ့အဖွဲ့အစည်းတစ်ရပ်အပေါ် နားလည်မှုမရှိသူတွေ၊ ဥပဒေလုပ်ထုံးလုပ်နည်းတွေကို မသိနားမလည်သူတွေ မဟုတ်ကြဘဲ ရုပ်ရှင်အနုပညာနဲ့ပတ်သက်ပြီး ကိုယ်တိုင်သရုပ်ဆောင်/ရိုက်ကူးထုတ်လုပ်ခဲ့ကြသူတွေ၊ ကိုယ်တိုင်စာပေရေးသား အောင်မြင်နေသူတွေ၊ မြန်မာစာ၊ မြန်မာစကားကို တတ်ကျွမ်းနားလည်သူတွေ၊ ဥပဒေလုပ်ထုံးလုပ်နည်းတွေကို သိရှိနားလည်သူတွေ၊ မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာတွေကို သိရှိနားလည်ထားကြသူတွေ၊ မြန်မာ့လူမှုဓလေ့စရိုက်နဲ့ "စံ" တန်ဖိုးထားမှုတွေကို လေးစားမြတ်နိုးသူတွေဆိုတာ တွေ့ရမှာဖြစ်**

# ဘားအံမြို့နယ် ခနိမ်းဒိုအခြေခံပညာအထက်တန်းကျောင်း(ခွဲ) (၉၀ x ၃၀) ပေ တစ်ထပ်ကျောင်းဆောင်သစ် ဖွင့်လှစ်

**ဘားအံ ဇွန် ၁၃**

နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းပိုလျှံရန်ပုံငွေ(GRF)အဖြစ် ကရင်ပြည်နယ်အတွင်း ကျောင်းဆောင်တည်ဆောက်ရေး လုပ်ငန်းပေါင်း ၂၈ ခုကို ခွင့်ပြုဆောင်ရွက်လျက်ရှိရာ အဆိုပါ တည်ဆောက်ရေးလုပ်ငန်းများအနက်မှ ခွင့်ပြုရန်ပုံငွေကျပ် ၁၄၂ ဒသမ ၈၁၃ သန်းဖြင့် ဆောင်ရွက်သော ဘားအံမြို့နယ် ခနိမ်းဒိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဇွန် ၁၃ ရက် နံနက်ပိုင်းက ကျင်းပသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်လာသော ဒေသခံပြည်သူများနှင့် ကျောင်းသားမိဘများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် ခနိမ်းဒိုအခြေခံပညာအထက်တန်းကျောင်း(ခွဲ) ၏ (၉၀ပေ x ၃၀ပေ) Steel Structure တစ်ထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ တက်ရောက်လာသော ယဉ်ကျေးမှုအဖွဲ့များ၊ ကျောင်းသားကျောင်းသူ၊ ဘင်ခရာ၊ ပန်းပွား၊ အေရိုးဗစ်အဖွဲ့များနှင့် စုပေါင်းမှတ်တမ်းဓာတ်ပုံများရိုက်၍ အဆိုပါအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောင်းဆောင်သစ်ကမ္ပည်းကျောက်ပြားအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို အဆိုပါကျောင်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ယခုကျောင်းဆောင်ကြီးအား ရေရှည်တည်တံ့ရန်နှင့် အစဉ်သန့်ရှင်းသာယာလှပစေရန် လက်ရှိကျောင်းတွင်တာဝန်ထမ်းဆောင်နေကြသော ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများက ထိန်းသိမ်းစောင့်ရှောက်ပေးကြရမည်ဖြစ်ပြီး လိုအပ်ချက်များရှိပါကလည်း ကျောင်းအကျိုးတော်ဆောင်၊ မိဘများက ပံ့ပိုးဖြည့်ဆည်းပေးရန်တိုက်တွန်းလိုကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ပညာရည်ထူးချွန်ပြီး နိုင်ငံအတွက် အားထားရသည့် ဗလငါးတန်နှင့်ပြည့်စုံသော တပည့်ကောင်းများပေါ်ထွက်လာအောင် သင်ကြားပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် တာဝန်ယူဆောက်လုပ်ပေးသော နန်းအေးရိပ်ကုမ္ပဏီမှ ကျောင်းဆောင်သစ်ဆိုင်ရာ စာရွက်စာတမ်းများကို ခရိုင်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်ပြီး ကျောင်းအကျိုးတော်ဆောင်တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

## ကေလာသတောင် ကြိုးပြင်ကာကွယ်တောသတ်မှတ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၁၂၀၆ ဧကရှိသော နယ်မြေကို **“ကေလာသတောင် ကြိုးပြင်ကာကွယ်တော”** အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၄၆ /၂၀၂၄) အရ ၁၃၈၆ ခုနှစ် ကဆုန်လပြည့်ကျော် ၁၅ ရက် (၂၀၂၄ ခုနှစ် ဇွန် ၆ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲပေါကြွယ်ဝမှုကို ထိန်းသိမ်းရန်၊ တားမြစ်သစ်ပင်များနှင့် အခြားသစ်မျိုးများ ရေရှည်တည်တံ့အောင်ထိန်းသိမ်းကာကွယ်ရန်၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာစေရန်နှင့် ရာသီဥတုသာယာမျှတစေပြီး စိမ့်စမ်းရေထွက်များအား ထိန်းသိမ်းကာကွယ်ရန် ရည်ရွယ်၍ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

ကေလာသတောင် ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းအားဖြင့် တန်ဖိုးရှိသစ်မျိုးများဖြစ်သည့် အင်ကြင်း၊ ပျဉ်းကတိုး၊ ထောက်ကြံ့၊ ပိတောက်၊ တမလန်းပင်များနှင့် အခြားဒေသမျိုးရင်းသစ်မျိုးများဖြစ်သည့် ယမနေ၊ ဒဟတ်၊ မျောက်ချော၊ သပြေစသည့်တို့အား ထိန်းသိမ်းကာကွယ်နိုင်မည်ဖြစ်ခြင်း၊ ရှားပါးမျိုးစိတ်ဖြစ်သော မျောက်ညိုနှင့် နေထိုင်ကျက်စားလျက်ရှိသော ချေ၊ ဆတ်၊ ဝက်၊ မျောက်နီ၊ တောကြောင်၊ တောကြက်၊ ဒေါင်းနှင့်ငှက်အမျိုးမျိုး စသည့် တောရိုင်းတိရစ္ဆာန်များအား ထိန်းသိမ်းနိုင်ခြင်း၊ အဆိုပါတိရစ္ဆာန်များ၏ နေရင်းဒေသများ တိုးပွားလာမည်ဖြစ်ခြင်းနှင့် မြို့ကြီးတောရကျောင်းရှိ သာသနာပြုရဟန်း/ သံဃာများနှင့် မြို့ကြီးကျေးရွာသူ ကျေးရွာသားများအတွက် အသုံးပြုသည့်ရေထွက်ဧရိယာအား ထာဝစဉ်တည်တံ့စေရန် ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**



ကေလာသတောင် ကြိုးပြင်ကာကွယ်တော၏ သဘာဝရှုခင်းပုံ။



## ဟားခါးမြို့၌ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကျင်းပ

**ဟားခါး ဇွန် ၁၃**

တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၃ ရက် နံနက် ၉ နာရီခွဲက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က ချင်းပြည်နယ်အတွင်း တာဝန်ထမ်းဆောင်ရင်း ကျဆုံး၊ ဒဏ်ရာရရှိသည့် တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များကို ချင်းပြည်နယ်အစိုးရအဖွဲ့၏ သာမန်အသုံးစရိတ်များမှ ရန်ပုံငွေလုံလောက်မှုအပေါ် မူတည်၍ ထောက်ပံ့ပေးလျက်ရှိသကဲ့သို့ လုံခြုံရေးနှင့် သက်ဆိုင်သည့် ပစ္စည်းများကိုလည်း ဝယ်ယူ ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ထို့အတူ ရှေ့တန်းလုံခြုံရေး တာဝန်ထမ်းဆောင်သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို အခြေခံစားသောက်ကုန်များ အလျဉ်းသင့်သလို ထောက်ပံ့ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ပုံငွေလုံလောက်မှု အခြေအနေအပေါ်မူတည်၍ နောင်တွင်လည်း ထောက်ပံ့နိုင်ရေး စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး တပ်မတော်သားများကိုယ်စား စစ်ဗျူဟာအခြေချ (ဟားခါး)မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးစိုးဝင်းထွန်းက လည်းကောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့များကိုယ်စား ရဲမှူးကြီး စိုးလွင်မိုးက လည်းကောင်း လက်ခံရယူကြသည်။

**ခရိုင်**
**(ပြန်/ဆက်)**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်းစာရင်း ကောက်ယူရေး လူထုအသိပညာပေး လှုံ့ဆော်ရေး မြေစိုက်ပိုစတာစိုက်ထူခြင်းကို ဇွန် ၁၃ ရက်က ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဗိုလ်မှူးအေးလင်းထွန်း၊ ဒုတိယ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးအောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

မောင်အေးချမ်း



## ဟွန်ဒါကုမ္ပဏီက အောက်တိုဘာလမှစတင်ကာ မီနီလျှပ်စစ်ဗင်ကားကို ဂျပန်နိုင်ငံတွင် ရောင်းချသွားမည်



**တိုကျို ဇွန် ၁၃**

ဂျပန်နိုင်ငံတွင် အောက်တိုဘာလအတွင်းမှ စတင်ကာ ဟွန်ဒါကုမ္ပဏီ၏ ပထမဆုံး လုပ်ငန်းသုံး အသေးစားလျှပ်စစ်ကားကို ရောင်းချသွားမည်ဟု ကုမ္ပဏီက ပြောသည်။ ဟွန်ဒါ၏လူကြိုက်များသော ခတ်ဆီကားဖြစ်သည့် ကားအသေးစားကို အခြေခံကာ N-Van e လျှပ်စစ်ကားအဖြစ် ထုတ်လုပ်ထားခြင်းဖြစ်သည်။

ကုန်ပစ္စည်းများ တင်ပို့နိုင်ရန် လမ်းကြောင်းတိုများတွင် အသုံးပြုနိုင်သည့် လျှပ်စစ်ကားများကို မြို့ပြဒေသ၌ အရောင်းသွက်လာမည်ဟု ကားထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် ဟွန်ဒါက မျှော်မှန်းထားသည်။ ယခုနှစ်အစောပိုင်းအတွင်း လေးယောက်စီး ဟွန်ဒါ-အီး ကားထုတ်လုပ်မှုကို ရပ်ဆိုင်းပြီးနောက် ဟွန်ဒါသည် မည်သည့် လျှပ်စစ်ကားကိုမျှ ဂျပန်နိုင်ငံတွင် ရောင်းချခြင်းမရှိသေးချေ။ ဟွန်ဒါကုမ္ပဏီသည် ဈေးကွက်အတွင်း လျှပ်စစ်ကားများ ပိုမိုရောင်းချနိုင်ရေး စီစဉ်ထားသည်။ ဟွန်ဒါကားကုမ္ပဏီမှ အင်ဂျင်နီယာချုပ် ဆာကာမိုတိုတာကာကီသည် ကားထုတ်လုပ်မှု၏ကြီးကြပ်သူလည်းဖြစ်သည်။ယခုထုတ်လုပ်သည့် လျှပ်စစ်ကားမှာ တစ်ကြိမ်အားသွင်းရုံဖြင့် ၂၄၅ ကီလိုမီတာသွားနိုင်သည့်အတွက် ပန်းဆိုင်များနှင့် မုန့်ဆိုင်များတွင် အသုံးဝင်လိမ့်မည်ဟု ၎င်းက ပြောသည်။

အဆိုပါပမာဏမှာ စီးပွားရေးလုပ်ငန်းတွင် အသုံးပြုနိုင်သည့် ပမာဏဖြစ်သည်။ ထို့ကြောင့် ဈေးကွက် ကျယ်ပြန့်လာလိမ့်မည် မျှော်လင့်ထားကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။ မစ်ဆူဘီရှီ ကုမ္ပဏီသည်လည်း အသေးစား လျှပ်စစ်ဗင်ကား ထုတ်လုပ်မှုကို ၂၀၂၂ ခုနှစ်တွင် ပြန်လည်စတင်ခဲ့သည်။ တိုယိုတာ၊ ဒိုင်ဟတ်ဆုနှင့် ဆူဇူကီးကုမ္ပဏီတို့သည်လည်း တန်ဖိုးနည်း လျှပ်စစ်ကားများ ထုတ်လုပ်နိုင်ရေး ဖက်စပ်လုပ်ငန်းတစ်ခု ထူထောင်ခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## အစ္စရေး - ဟားမားစ် ပဋိပက္ခအတွင်း သေဆုံးခဲ့သည့် အားကစားသမားပေါင်း ၃၀၀ ကျော်ရှိ

**ဂါဇာ ဇွန် ၁၃**

လွန်ခဲ့သည့်နှစ် အောက်တိုဘာလမှစတင်၍ ဖြစ်ပွားခဲ့သော အစ္စရေး-ဟားမားစ် ပဋိပက္ခအတွင်း အားကစားသမား၊ အားကစားအုပ်ချုပ်သူအရာရှိနှင့် ဒိုင်လူကြီးများစုစုပေါင်း ၃၀၀ ကျော် သေဆုံးခဲ့ရသည်ဟု ပါလက်စတိုင်း အိုလံပစ်ကော်မတီက ပြောသည်။

ယခုနှစ်နွေရာသီ ပါရီအားကစားပြိုင်ပွဲတွင် ပါလက်စတိုင်း အားကစားသမားခြောက်ဦးမှ ရှစ်ဦးအထိပါဝင်ယှဉ်ပြိုင်မည်ဟု ရမ်မလာမြို့၌ ဇွန် ၁၂ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ကော်မတီဥက္ကဋ္ဌ ဂျီဘရယ်ရာဂျို့ဘ်က ပြောသည်။ ၎င်းတို့ထဲမှ သုံးဦးမှာ ဂါဇာကမ်းမြောင်ဒေသမှ ဖြစ်နိုင်ခြေရှိသည်ဟု ၎င်းကဆက်လက်ပြောကြားသည်။ ပါလက်စတိုင်း တိုက်ကွမ်ဒိုအားကစားသမားတစ်ဦးမှာ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် အဆင့်မီသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဂါဇာတွင် ပြုလုပ်မည့် အားကစားပြိုင်ပွဲအားလုံးမှာမူ ဖျက်သိမ်းခဲ့ရသည်။ အားကစားသမားအများစုမှာ ကြမ်းတမ်းသော အခြေအနေကို ကြံ့ကြံ့ခံနေရကြောင်း ၎င်းက အလေးပေးဖော်ပြခဲ့သည်။ ပါရီအိုလံပစ်အားကစားပြိုင်ပွဲကို ဇူလိုင် ၂၆ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## လစ်ဗျားတွင် သောင်တင်နေသော ဘင်္ဂလားဒေ့ရှ် ရွှေ့ပြောင်းလုပ်သား ၁၆၃ ဦးကို နေရပ်ပြန်ပို့ရာတွင် အိုင်အိုအမ် ကူညီ

**ထရီပိုလီ ဇွန် ၁၃**

ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်း (အိုင်အိုအမ်) က ယခုသီတင်းပတ်အတွင်း ဘင်္ဂလားဒေ့ရှ် ရွှေ့ပြောင်းလုပ်သား ၁၆၃ ဦးကို လစ်ဗျားမှ တစ်ဆင့် နေရပ်ပြန်ပို့ရန် ကူညီခဲ့ကြောင်း ဇွန် ၁၂ ရက်က ပြောကြားသည်။

အိုင်အိုအမ်၏ လူသားချင်း စာနာထောက်ထားစေတနာတရားဖြင့် နေရပ်ပြန်ပို့ရေးအစီအစဉ် (ဗွီအိတ်ချ်အာရ်) က လစ်ဗျားမှ တစ်ဆင့် နေရပ်တိုင်းပြည်များထံ ပြန်ပို့ပေးရန် အကူအညီတောင်းခံခဲ့သော ရွှေ့ပြောင်းလုပ်သားများကို ကူညီပေးလျက်ရှိသည်။




၂၀၁၁ ခုနှစ်မွမ်မာကဒါဖီအစိုးရ ပြိုလဲချိန်မှစကာ လစ်ဗျားနိုင်ငံသည် ရွှေ့ပြောင်းလုပ်သားများအတွက် မြေထဲပင်လယ်ကို ဖြတ်ကျော်ပြီး ဥရောပကမ်းခြေကို သွားရောက်ရန် ခရီးတစ်ထောက်အဖြစ် ရွေးချယ်နားခိုစရာ နေရာတစ်ခုဖြစ်လာခဲ့သည်။

အိုင်အိုအမ် ဦးဆောင်သည့် ဗွီအိတ်ချ်အာရ် အစီအစဉ်သည် လစ်ဗျားတွင် သောင်တင်နေသော ရွှေ့ပြောင်းလုပ်သားများကို ၎င်းတို့၏မွေးရပ်နိုင်ငံများသို့ ပြန်ပို့ရန် စီစဉ်ပေးသည်။

အိုင်အိုအမ်၏ သတင်းအချက်အလက်များအရ ဗွီအိတ်ချ်အာရ် အစီအစဉ်သည် ၂၀၁၅ ခုနှစ်မှစကာ လစ်ဗျားတွင် သောင်တင်နေသော ရွှေ့ပြောင်းလုပ်သား ၈၀၀၀၀ ကို နေရပ်ပြန်ပို့ရာတွင် ကူညီပေးခဲ့သည်။

**ဆင်ဟွာ**

## ဂျပန်နိုင်ငံတွင် တောင်တက်ရင်း မတော်တဆ ဖြစ်ပွားမှု ၂၀၂၃ ခုနှစ်တွင် စံချိန်တင်များပြားလာ

**တိုကျို ဇွန် ၁၃**

လွန်ခဲ့သည့်နှစ်အတွင်း ဂျပန်နိုင်ငံတစ်လွှား တောင်တက်ရင်း မတော်တဆဖြစ်ပွားသူ တောင်တက်သမား ၃၅၆၈ ဦးရှိသည်ဟု ဂျပန်အမျိုးသားရဲ အေဂျင်စီက ပြောသည်။

အဆိုပါ ပမာဏမှာ ၂၀၂၂ ခုနှစ်ကနှင့်နှိုင်းယှဉ်လျှင် ၆၂ ဦး တိုးလာသည်ဟုလည်း ရဲတပ်ဖွဲ့ကပြောသည်။ ထို့ပြင် ယင်းပမာဏမှာ ၁၉၆၁ ခုနှစ်နောက်ပိုင်း တောင်တက်ရင်း မတော်တဆဖြစ်ပွားမှုတွင် အများဆုံးပမာဏဟုလည်း သိရသည်။

လွန်ခဲ့သည့်နှစ်အတွင်း တောင်တက်ရင်း ပျောက်ဆုံး သို့မဟုတ် သေဆုံးသူဦးရေမှာ ၃၃၅ ဦးရှိသည်။ ၂၀၂၃ ခုနှစ်အတွင်း တောင်ပေါ်တွင် သောင်တင်နေသည့် နိုင်ငံခြားသားတောင်တက်သမား ၁၄၅ ဦးအထိ စံချိန်တင်မြင့်မားခဲ့သည်။ နိုင်ငံခြားသားတောင်တက်သမား ၁၁ ဦးမှာ သေဆုံး သို့မဟုတ် ပျောက်ဆုံးခဲ့ရသည်။

နွေရာသီကာလ တောင်တက်ရာသီမတိုင်မီ ရဲတပ်ဖွဲ့သည် တောင်တက်သမားများအား လုံလောက်သောကိရိယာများ ယူဆောင်လာရန်နှင့် အစီအစဉ်များ ရေးဆွဲရာတွင်လည်း ၎င်းတို့၏ကြံ့ခိုင်မှုကို ထည့်သွင်းစဉ်းစားရန် ရဲတပ်ဖွဲ့က တိုက်တွန်းထားသည်။

**အင်န်အိတ်ချ်ကေ**

## ပင်လယ်နီတွင် ကုန်တင်သင်္ဘောတစ်စင်း နှစ်ကြိမ်တိုင်တိုင် တိုက်ခိုက်ခံခဲ့ရပြီး သင်္ဘောသားတစ်ဦး ပျောက်ဆုံးလျက်ရှိ

**အေဒင် ဇွန် ၁၃**

ယီမင်အနောက်ဘက် ကမ်းရိုးတန်း ကမ်းလွန် ပင်လယ်နီတွင် ကုန်တင်သင်္ဘောတစ်စင်း နှစ်ကြိမ်တိုင်တိုင် တိုက်ခိုက်ခံခဲ့ရပြီး သင်္ဘောသားတစ်ဦး ပျောက်ဆုံးလျက် ရှိကြောင်းနှင့် သင်္ဘောမှာလည်း ရေစီးဖြင့် မျောပါလျက်ရှိကြောင်း ပင်လယ်ရေကြောင်း အရာရှိများက ပြောသည်။

အစိုးရကမ်းခြေစောင့်တပ်ဖွဲ့မှ အရာရှိတစ်ဦးက ဂရိပိုင် ကုန်တင်သင်္ဘော ကျူတာသည် ဟိုဒေးဒါ အနောက်တောင်ပိုင်း ရေမိုင် ၆၇ ဒသမ ၇ မိုင်တွင် တိုက်ခိုက်ခြင်းခံခဲ့ရကြောင်းနှင့် တိုက်ခိုက်မှုကြောင့် သင်္ဘောကိုယ်ထည်ပေါက်ကွဲပြီး ရေများဝင်ခဲ့ကြောင်း ပြောသည်။

သင်္ဘောပေါ် လိုက်ပါလာသော နိုင်ငံအသီးသီးမှ အမှုထမ်း ၂၁ ဦးအနက် ပထမတစ်ကြိမ် တိုက်ခိုက်မှုအတွင်း သင်္ဘောသားတစ်ဦး ပျောက်ဆုံးခဲ့ကြောင်း အဆိုပါအရာရှိက ဆက်လက်ပြောကြားသည်။

ပထမတစ်ကြိမ် တိုက်ခိုက်ခံရပြီးနောက် ဗွီအိတ်ချ်အက်ဖ်ရေဒီယိုမှတစ်ဆင့် ဘေးအန္တရာယ်ကျရောက်ခဲ့သည့် အရေးပေါ်သတင်းထုတ်လွှင့်မှုတစ်ခု ရရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထို့အတူ အင်္ဂလန်ပင်လယ်ရေကြောင်း ကုန်သွယ်ရေးအဖွဲ့ကလည်း ဟိုဒေးဒါအနီး တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း သတင်းရရှိခဲ့သည်ဟု အတည်ပြုဖော်ပြခဲ့သည်။

အဆိုပါသင်္ဘောသည် ဒုတိယအကြိမ် တိုက်ခိုက်ခြင်းကို ထပ်မံကြုံတွေ့ခဲ့သည်။

ဟိုဒေးဒါတစ်လွှား ကြီးစိုးလျက်ရှိသော ဟူသီတပ်ဖွဲ့၏ လက်ချက်ဖြစ်ကြောင်း သတင်းဖော်ပြခြင်းများမတွေ့ရသေးပေ။ အဆိုပါအဖွဲ့သည် ပင်လယ်နီတွင် ကုန်တင်သင်္ဘောများကို မကြာခဏ တိုက်ခိုက်လေ့ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## တောင်ကိုရီးယား အနောက်တောင်ပိုင်း ကမ်းလွန်ရေပြင်တွင် ငါးဖမ်းလှေတစ်စင်းနစ်မြုပ်

**ဆိုးလ် ဇွန် ၁၃**

တောင်ကိုရီးယားနိုင်ငံ အနောက်တောင်ပိုင်း ကမ်းလွန်ရေပြင်တွင် ငါးဖမ်းလှေတစ်စင်း နစ်မြုပ်မှုဖြစ်ပွားရာ သင်္ဘောသားတစ်ဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း ယွန်ဟပ် သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

၃၃ တန်လေးသော အဆိုပါငါးဖမ်းလှေသည် စီနန်စီရင်စု ဂါဂီယိုကျွန်းအရှေ့မြောက်ဘက် ရေပြင်တွင် တိမ်းမှောက်ခြင်းဖြစ်သည်။ အဆိုပါနေရာသည် မြို့တော် ဆိုးလ်နှင့် ကီလိုမီတာ ၃၃၀ ကွာဝေးသည်။

နစ်မြုပ်မှုဖြစ်ခဲ့သည့် လှေပေါ်တွင် လူကိုးဦး လိုက်ပါလာခဲ့ပြီး ရေယာဉ်မှူးသေဆုံးကာ သင်္ဘောသားနှစ်ဦး ပျောက်ဆုံးလျက်ရှိသည်။

ကမ်းခြေစောင့်တပ်ဖွဲ့က ကျန်ရှိနေသည့် သင်္ဘောသားခြောက်ဦးကို ကယ်တင်နိုင်ခဲ့သည်။ ပျောက်ဆုံးလျက်ရှိသော အင်ဒိုနီးရှားသင်္ဘောသားများကို ရှာဖွေရန် ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။ **ဆင်ဟွာ**



# မြန်မာ-အိန္ဒိယ 6th Army to Army Staff Talks အစည်းအဝေးပြုလုပ်

**နေပြည်တော် ဇွန် ၁၃**

မြန်မာ-အိန္ဒိယ 6th Army to Army Staff Talks အစည်းအဝေးကို ဇွန် ၁၁ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ Park Royal Hotel ၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦးနှင့် တပ်မတော်အရာရှိကြီးများ၊ အိန္ဒိယတပ်မတော်မှ တွဲဖက်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးချုပ် Major General Charanjeet Singh Dewgun, YSM, ADG MI(A) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ဆွေးနွေးကြသည်။ **(ယာပုံ)**

ဦးစွာ မြန်မာ့တပ်မတော်အဖွဲ့ခေါင်းဆောင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦးနှင့် အိန္ဒိယတပ်မတော်မှ အဖွဲ့ခေါင်းဆောင် တွဲဖက်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးချုပ် Major General Charanjeet Singh Dewgun, YSM, ADG MI(A) တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် အပြန်အလှန်ဆွေးနွေးကြပြီး အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ပြီးစီးမှုများကို ဖတ်ကြားရှင်းလင်းကြသည်။



ယင်းနောက် နှစ်နိုင်ငံအဖွဲ့ခေါင်းဆောင်များသည် အမှတ်တရပစ္စည်းများ အပြန်အလှန်လဲလှယ်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ အိန္ဒိယတပ်မတော် ကိုယ်စားလှယ်အဖွဲ့အား ညပိုင်းတွင် ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

မြန်မာ-အိန္ဒိယ 6th Army to Army Staff Talks အစည်းအဝေးသို့ တက်ရောက်လာကြသည့် အိန္ဒိယတပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး နေပြည်တော်ရှိ အထင်ကရနေရာများဖြစ်သည့် သူရဲကောင်းဗိမာန်နှင့် ကျောက်မျက်ရတနာပြခန်းတို့သို့ လေ့လာခဲ့ကြသည်။ ထို့အပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန်သို့လည်းကောင်း၊ ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းဈေးသို့လည်းကောင်း သွားရောက်လေ့လာခဲ့ကြပြီး ရွှေတိဂုံစေတီတော်အား သွားရောက်ဖူးမြော်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးမြင့်စိုး မြို့သစ်မြို့နယ်၌ မိုးစပါး၊ ဝါနှင့် ဆီထွက်သီးနှံစိုက်ပျိုးရေးအတွက် တောင်သူများနှင့်တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇွန် ၁၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်သူဦး၊ တာဝန်ရှိသူများနှင့်အတူ မြို့သစ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံ အပ်ချုပ်စက် သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးတို့က ထူးချွန်ဆုရ သင်တန်းသူများကို ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြို့သစ်မြို့ သမဝါယမဦးစီးဌာနရုံး၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနလေးခုမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ စက်ယန္တရား ပံ့ပိုးကူညီမှုဖြင့် ကျေးရွာလူထုက ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်နေသော ပေပင်ရိုး - ပုဂံမျှော် ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြို့သစ်မြို့နယ် မြေပြင်သာကျေးရွာ စိတ္တသုခဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ မြေပြင်သာ၊ သန်းကုန်း၊ ပင်းစု၊ အောင်မြင်သာ၊ အောင်သပြေ ကျေးရွာငါးရွာမှ မိုးစပါးစိုက်တောင်သူများ၊ ဝါစိုက်တောင်သူများ၊ ဆီထွက်သီးနှံစိုက်တောင်သူများနှင့်တွေ့ဆုံ၍ သီးနှံအလိုက် အထွက်နှုန်းတိုးရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ မျိုးနှင့် ဓာတ်မြေဩဇာ သွင်းအားစုများ အချိန်မီပံ့ပိုးပေးနိုင်ရေး၊ စိုက်နည်းစနစ်များ မှန်ကန်ရေးမှာကြားပြီး တိုင်းဒေသကြီးဝန်ကြီးက မကွေးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်နေသော စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျေးရွာငါးရွာမှ တောင်သူများ၏ ဒေသဖွံ့ဖြိုးရေးတင်ပြချက်များအပေါ် လိုအပ်သည်များညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးပြီး မြေပြင်သာကျေးရွာရှိ လုပ်ငန်းရှင် ဦးစောကျော်ခိုင်၏ အောင်နိုင်သူ ဝါကြိတ်စက်သို့ သွားရောက်ကြည့်ရှုအားပေးပြီး အဆင့်မီဝါများ ကြိတ်ခွဲနိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့
သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့



## ၂၀၂၄ ခုနှစ် အကြိမ်(၃၀) မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၃**

၂၀၂၄ ခုနှစ် အကြိမ်(၃၀)မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် အားကစားခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား ဗိုလ်ချုပ်စိုးတင်လတ်မှ တက်ရောက်အမှာစကားပြောကြားပြီး တပ်မတော်(လေ) မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

အဆိုပါလက်ဝှေ့ပြိုင်ပွဲ ပထမနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ် အားကစားခန်းမ၌ ဆက်လက်ပြုလုပ်ရာ တောင်ပိုင်း လေတပ်ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်စိုးတင်လတ်နှင့် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါလက်ဝှေ့ပြိုင်ပွဲကို လေတပ်စခန်းဌာနချုပ်များနှင့် လေတပ်စခန်းများမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ဇွန် ၁၇ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ မြင်စိုင်းအခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၂ ရက်က အဆိုပါကျောင်းဝင်းအတွင်း၌ ပြုလုပ်ရာ ကျောက်ဆည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်ဦးတို့က ကျောက်ဆည်ခရိုင်ပညာရေးမှူး ဒေါက်တာဥမ္မာကြည်ထံ ပျိုးပင်များ ပေးအပ်စဉ်။ ခရိုင် (ပြန်/ဆက်)

# ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ၂၀၂၃ – ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူတချို့၏ ရင်တွင်းစကားသံများ


မောင်ရဲလွင်အောင်


မရီရီဝင်း


မအေးသီတာ


မစမ်းမေသူ

၂၀၂၃–၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို တစ်နိုင်ငံလုံး၌ ဇွန်လ ၁၁ ရက်နေ့က ထုတ်ပြန်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် ဖြေဆိုသူပေါင်း ၁၈၉၄၃ ဦး ရှိပြီး အောင်မြင်သူ ၁၁၃၁၅ ဦးရှိရာ ရာခိုင်နှုန်းအားဖြင့် ၅၉ ဒသမ ၇၃ ရာခိုင်နှုန်းဖြစ်ကြောင်း တိုင်းဒေသကြီးပညာရေးမှူးရုံးမှ သိရသည်။

၂၀၂၃–၂၀၂၄ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် အခြေခံပညာကျောင်းများမှ မြန်မာတစ်နိုင်ငံလုံး ထူးချွန်စွာအောင်မြင်ကြသူ ကျောင်းသား ကျောင်းသူများ၏ ရင်တွင်းစကားသံများကို ဖော်ပြလိုက်ရပါသည်။

**မောင်ရဲလွင်အောင်**
**အ.ထ.က(ခွဲ) ပုလဲချောင်ကျောင်း၊ အိမ်မဲမြို့**
**မြန်မာတစ်နိုင်ငံလုံး စတုတ္ထအဆင့်**
**ဧရာဝတီတိုင်းဒေသကြီး ပထမအဆင့် အမှတ်အများဆုံးရရှိသူ**

၂၀၂၃–၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ Grade–12 ကို အိမ်မဲမြို့ အ.ထ.က(ခွဲ) ပုလဲချောင်ကျောင်းကနေ ဖြေဆိုအောင်မြင်ခဲ့တာဖြစ်ပါတယ်။ သင်္ချာ၊ ပထဝီ၊ သမိုင်း၊ ဘောဂဗေဒ လေးဘာသာ ဂုဏ်ထူးရရှိခဲ့ပြီး ရရှိခဲ့တဲ့ စုစုပေါင်းအမှတ်က ၄၉၅ မှတ်ဖြစ်ပါတယ်။ ကျွန်တော်ကတော့ ကျောင်းသင်ခန်းစာကို အချိန်ဇယားဆွဲပြီး တစ်နေ့တာ သင်ခန်းစာကို တစ်နေ့ရရှိအောင် လေ့လာကြိုးစားခဲ့ပါတယ်။ ကျန်းမာရေးအတွက်လည်း မိဘများက အနီးကပ်ကူညီစောင့်ရှောက်ပေးပါတယ်။ ဆရာ ဆရာမတွေရဲ့ သင်ကြားမှုကို သေချာစွာနားထောင်ပြီး နားမလည်တာရှိရင် ချက်ချင်းမေးမြန်းခဲ့လို့ ဆရာ ဆရာမတွေက ဂရုတစိုက်ပြန်လည် ရှင်းလင်းသင်ကြားပေးခဲ့ပါတယ်။ တစ်နှစ်တာလုံး ပင်ပန်းစွာ ကြိုးစားခဲ့ရတဲ့အတွက် အခုလိုရလဒ် ရရှိခဲ့တာပဲဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ရည်မှန်းချက်ကတော့ ပညာရေးတက္ကသိုလ်တက်ရောက်ဖို့ ရည်မှန်းထားပါတယ်။ အခုလိုအောင်မြင်မှုရတဲ့အတွက် ဆရာ ဆရာမများနဲ့ မိဘနှစ်ပါးကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်။

**မရီရီဝင်း**
**အ.ထ.ကခွဲ (အုတ်ပုံ)ကျောင်း၊ ဟင်္သာတမြို့**
**မြန်မာတစ်နိုင်ငံလုံး ပဉ္စမအဆင့်**
**ဧရာဝတီတိုင်းဒေသကြီး ဒုတိယအဆင့် အမှတ်အများဆုံးရရှိသူ**

၂၀၂၃–၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ Grade–12 ကို ဟင်္သာတမြို့ အ.ထ.က ခွဲ (အုတ်ပုံ) ကျောင်းက ဖြေဆိုအောင်မြင်ခဲ့ပြီး မြန်မာတစ်နိုင်ငံလုံး ပဉ္စမအဆင့်ရရှိခဲ့ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးအနေနဲ့ ဒုတိယအဆင့်ရရှိခဲ့ပါတယ်။ သင်္ချာ၊ ပထဝီ၊ သမိုင်း၊ ဘောဂဗေဒ လေးဘာသာ ဂုဏ်ထူးရရှိခဲ့ပြီး ရရှိခဲ့တဲ့ စုစုပေါင်းအမှတ်က ၄၉၃ မှတ်ဖြစ်ပါတယ်။ ကျွန်မကတော့ တစ်နှစ်ပတ်လုံး စာကို ဘယ်လိုကြိုးစားခဲ့သလဲဆိုရင် စာမေးပွဲဖြေဆိုဖို့အတွက် ဂုဏ်ထူးရရှိအောင် အဓိကထားပြီး ပြင်ဆင်ခဲ့ပါတယ်။ မေးခွန်းတွေကိုလည်း ကြိုတင်လေ့လာထားခဲ့ပါတယ်။ ဆရာ ဆရာမတွေရဲ့ သင်ကြားပြသမှုကိုလည်း ဂရုတစိုက် လေ့လာသင်ယူခဲ့ပါတယ်။ အခုလိုရလဒ်ကောင်းတွေရရှိတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ကျွန်မကတော့ ပညာရေးတက္ကသိုလ်တက်ရောက်ရန် ရည်မှန်းထားပါတယ်။

**မအေးသီတာ**
**အ.ထ.က(၂)၊ ကျောင်းကုန်းမြို့**
**မြန်မာတစ်နိုင်ငံလုံး သတ္တမအဆင့်**
**ဧရာဝတီတိုင်းဒေသကြီး တတိယအဆင့် အမှတ်အများဆုံးရရှိသူ**

၂၀၂၃–၂၀၂၄ ပညာသင်နှစ် Grade–12 တက္ကသိုလ်ဝင်စာမေးပွဲကို သင်္ချာ၊ ပထဝီ၊ သမိုင်း၊ ဘောဂဗေဒ လေးဘာသာဂုဏ်ထူးနဲ့ စုစုပေါင်းအမှတ် ၄၈၈ မှတ်ရရှိခဲ့ပြီး မြန်မာတစ်နိုင်ငံလုံး သတ္တမအဆင့်ရရှိခဲ့ပါတယ်။ တစ်နှစ်ပတ်လုံး အကောင်းဆုံး ကြိုးစားကျက်မှတ်ခဲ့ပါတယ်။ နှစ်စကတည်းက ဘာသာစုံဂုဏ်ထူးထွက်အောင် ရည်မှန်းပြီးကြိုးစားခဲ့ပါတယ်။ အားနည်းတဲ့ ဘာသာကိုလည်း ပိုမိုလေ့လာကြိုးစားခဲ့ပါတယ်။ အခုလိုလေးဘာသာ ဂုဏ်ထူးထွက်ရှိခဲ့တာဟာ ဆရာ ဆရာမတွေနဲ့ မိဘတွေရဲ့ကျေးဇူးတွေအများကြီးပါပါတယ်။ ဒီနှစ် Grade–12 တက်ရောက်ကြမယ့် မောင်ငယ်၊ ညီမငယ်တွေကိုလည်း နှစ်စကနေစပြီးတော့ ဆရာ ဆရာမတွေရဲ့ သင်ကြားမှုတွေကို လေ့လာကျက်မှတ်ပြီး ကြိုးစားကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်။

**မစမ်းမေသူ**
**အ.ထ.က အင်းရဲ၊ ကျုံပျော်မြို့**
**မြန်မာတစ်နိုင်ငံလုံး အဋ္ဌမအဆင့်**
**ဧရာဝတီတိုင်းဒေသကြီး စတုတ္ထအဆင့် အမှတ်အများဆုံးရရှိသူ**

သမီးကတော့ ကျုံပျော်မြို့နယ် အ.ထ.က အင်းရဲကြီးကျောင်းကနေ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ပြီး မြန်မာတစ်နိုင်ငံလုံး အဋ္ဌမအဆင့် ရရှိခဲ့တာပါ။ ဧရာဝတီတိုင်းဒေသကြီးအနေနဲ့ စတုတ္ထအဆင့် ရရှိခဲ့ပါတယ်။ ပထဝီ၊ သမိုင်း၊ ဘောဂဗေဒ သုံးဘာသာဂုဏ်ထူးနဲ့ စုစုပေါင်းအမှတ် ၄၈၈ မှတ် ရရှိခဲ့ပါတယ်။ တစ်နှစ်ပတ်လုံး စာကိုဘယ်လိုကြိုးစားခဲ့သလဲဆိုရင် အချိန်နဲ့တစ်ပြေးညီ ဖြေဆိုနိုင်အောင် ကြိုးစားခဲ့ပါတယ်။ ကျန်းမာရေးကိုလည်းဂရုစိုက်ပါတယ်။ စာမေးပွဲနီးလာတဲ့အခါ သင်ခန်းစာတွေ သင်ကြားပြီးတဲ့အချိန်ရောက်တဲ့အခါ တစ်ဘာသာချင်းစီကို ပြန်လေ့လာဖို့ အချိန်ဇယားဆွဲပြီး ကြိုးစားခဲ့ပါတယ်။ အခုလို အောင်မြင်မှုရရှိခဲ့တဲ့အတွက် အလွန်ပဲဝမ်းသာမိပါတယ်။ သမီးရဲ့ ရည်မှန်းချက်ဖြစ်တဲ့ ပညာရေးတက္ကသိုလ်ကို တက်ရောက်သွားမှာဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်း – ပုသိမ် ခရိုင် (ပြန်/ဆက်)**

---

*❊ ကျော့ဖုံးမှ*

ခြင်းဖြစ်သည်။ ဧရာဝတီအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၇၇ မိနစ်တွင် နိုင်မြန်မာက သွင်းယူခဲ့သည်။ ယခုပွဲအပြီးတွင် ဧရာဝတီအသင်းက သုံးပွဲကစား လေးမှတ်၊ မြဝတီအသင်းက သုံးပွဲကစား သုံးမှတ်ရရှိထားသည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက မဟာယူနိုက်တက် အသင်းကို ငါးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက် အသင်းသည် သုံးပွဲဆက် အနိုင်ရလဒ်နှင့်အတူ ဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် ဂိုးများကို ၆၊ ၅၅ မိနစ်တွင် ဟိန်းသန့်၊ ၄၉၊ ၈၉ မိနစ်တွင် မျိုးမင်းခန့်တို့က သွင်းယူပြီး ကျန်တစ်ဂိုးမှာမူ ၅၇ မိနစ်တွင် မဟာယူနိုက်တက်အသင်းမှ ဟိန်းလင်းဇော်က ကိုယ့်ဂိုးကိုယ် သွင်းမိခဲ့ခြင်းဖြစ်သည်။ မဟာယူနိုက်တက်အသင်းအတွက် နှစ်ဂိုးကိုမူ ၁၀၊ ၄၄ မိနစ်တွင် Maru Htoi San Seng Din က သွင်းယူခဲ့သည်။ ယခုပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက သုံးပွဲကစား ကိုးမှတ်ရထားပြီး မဟာယူနိုက်တက် အသင်းက နှစ်ပွဲကစား နှစ်ပွဲစလုံး ရှုံးနိမ့်ထားသည်။ တောင်ဒဂုံကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက ဟံသာဝတီယူနိုက်တက် အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ ရတနာပုံအသင်းအတွက် အနိုင်ဂိုးများကို ၁၄ မိနစ်တွင် သီဟကိုကို၊ ၄၅+၁ မိနစ်တွင် ဘရန်ဒွန်းလီ၊ ၄၉ မိနစ်တွင် ခွန်မြင့်ဆွေတို့က သွင်းယူခဲ့သည်။ ယခုပွဲအပြီးတွင် ရတနာပုံအသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ ဟံသာဝတီအသင်းက သုံးပွဲကစား တစ်မှတ်ရရှိထားသည်။

ပွဲစဉ် (၃) ဒုတိယနေ့ကို ဇွန် ၁၄ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပဒုမ္မာကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် သစ္စာအားမာန်အသင်း၊ တောင်ဒဂုံကွင်း၌ ဒဂုံစတားယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ–MNL**

---

## သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း (ပုသိမ်) မှ တာဝန်ရှိသူများက သင်တန်းသားများ သင်တန်းတက်ရောက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

**အိမ်မဲ ဇွန် ၁၃**

ဧရာဝတီတိုင်းဒေသကြီး သမဝါယမ စာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း (ပုသိမ်) မှ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက အိမ်မဲမြို့နယ် သမဝါယမဦးစီးဌာနရုံး၌ ယနေ့နံနက် ၁၀ နာရီခွဲတွင် စာရင်းရေး စာရင်းကိုင် သက်မွေးပညာ သင်တန်းကို မြို့နယ်အတွင်းရှိ သမဝါယမ အခြေခံအသင်းသားများနှင့် Grade– 9 အောင်မြင်ပြီးသူ ကျောင်းသား ကျောင်းသူများ တက်ရောက်နိုင်ရေး အတွက် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



ရှေးဦးစွာ သမဝါယမစာရင်း ရေး စာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်းမှ ကျောင်း အုပ်ကြီး ဒေါ်သက်သက်အောင် ကသင်တန်း၏ ရည်ရွယ်ချက်၊ ဝင်ခွင့်အရည်အချင်း၊ သင်ကြားမည့်ဘာသာရပ်၊ သင်တန်းကာလနှင့် သင်တန်းသားဦးရေ၊ သင်တန်းမှ ရရှိမည့်အကျိုးကျေးဇူး၊ သင်တန်းအောင်လက်မှတ် စသည့်အကြောင်းအရာများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက်အခမ်းအနား တက်ရောက်လာသော သမဝါယမ အခြေခံအသင်းသားများက သင်တန်းနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ကျောင်းအုပ်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ချစ်သက်လယ် (ပြန်/ဆက်)**

---

*❑ ကျော့ဖုံးမှ*

ကူဝိတ်၊ မြောက်မာရီယာနာကျွန်းစု၊ အုပ်စု (D) တွင် ဩစတြေးလျ၊ ဆော်ဒီအာရေဗျ၊ ပါလက်စတိုင်း၊ အာဖဂန်နစ္စတန်၊ မကာအို၊ အုပ်စု (E) တွင် တာဂျစ်ကစ္စတန်၊ အိုမန်၊ မလေးရှား၊ သီရိလင်္ကာ၊ မြောက်ကိုရီးယား၊ အုပ်စု (F) တွင် အင်ဒိုနီးရှား၊ ယီမင်၊ တီမော၊ မော်လ်ဒိုက်၊ အုပ်စု (G) တွင် အီရန်၊ မွန်ဂိုလီးယား၊ အိန္ဒိယ၊ လာအို၊ အုပ်စု (H) တွင် အီရတ်၊ ထိုင်း၊ ဖိလစ်ပိုင်၊ ဘရူနိုင်း၊ အုပ်စု (I) တွင် ဂျပန်၊ ကာဂျစ္စတန်၊ မြန်မာ၊ တာ့ခ်မင်နစ္စတန်၊ အုပ်စု (J)တွင် ဂျော်ဒန်၊ ကာတာ၊ စင်ကာပူ၊ ဟောင်ကောင်အသင်းတို့ ပါဝင်နေသည်။ ယင်းအုပ်စုများကို အိမ်ရှင်နိုင်ငံများအဖြစ် အုပ်စု (A)ကို ဗီယက်နမ်နိုင်ငံ၊ အုပ်စု (B) ကို တရုတ်(တိုင်ပေ)၊ အုပ်စု (C) ကို ကူဝိတ်နိုင်ငံ၊ အုပ်စု (D) ကို ဆော်ဒီအာရေဗျနိုင်ငံ၊ အုပ်စု (E) ကို တာဂျစ်ကစ္စတန်နိုင်ငံ၊ အုပ်စု (F) ကို အင်ဒိုနီးရှားနိုင်ငံ၊ အုပ်စု (G) ကို လာအိုနိုင်ငံ၊ အုပ်စု (H) ကို ထိုင်းနိုင်ငံ၊ အုပ်စု (I) ကို ကာဂျစ္စတန်နိုင်ငံ၊ အုပ်စု (J) ကို ကာတာနိုင်ငံတို့က လက်ခံကျင်းပမည်ဖြစ်သည်။

မြန်မာ ယူ–၁၉ အသင်းကို နည်းပြချုပ်အဖြစ် ဦးအောင်နိုင်က ကိုင်တွယ်နေပြီး အာရှဖလား ခြေစစ်ပွဲမတိုင်မီ ဇူလိုင်လတွင် ကျင်းပမည့် ၂၀၂၄ အာဆီယံ ယူ–၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ရဲရင့်လွင်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဆီဆိုင်ဒေသခံ ၆၀ နီးပါးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထားသည်ဟု သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇွန် ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ်အတွင်း တိုက်ပွဲဖြစ်ပွားမှုများကြောင့် ယာယီတိမ်းရှောင်နေရာမှ မိမိနေရပ်သို့ ပြန်လည်ရောက်ရှိလာသည့် ထီဗွာကျေးရွာမှ ဒေသခံပြည်သူ ၅၉ ဦးကို လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက ကျေးရွာခန်းမအတွင်း၌ ဖမ်းဆီးထားသည်ဟု အထင်အမြင်လွဲမှားဖွယ် သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




ဖြစ်စဉ်အမှန်မှာ ဆီဆိုင်မြို့နယ်အတွင်း PNLA အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသခံပြည်သူများ ယာယီနေရပ်စွန့်ခွာ တိမ်းရှောင်နေလျက်ရှိရာ အဆိုပါဒေသများ ပြန်လည်တည်ငြိမ်အေးချမ်းရေးအတွက် နယ်မြေခံတပ်မတော်သားက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ခဲ့မှုကြောင့် ယခုအခါ ဒေသခံတိုင်းရင်းသားများ ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိပြီး သက်ဆိုင်ရာ တာဝန်ရှိသူများကလည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံတိုင်းရင်းသားပြည်သူများကို ဖမ်းဆီးထားသည်ဆိုသည့် သတင်းမှာ မှန်ကန်မှုမရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

PNLA အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် နေအိမ်များ မီးလောင်ပျက်စီးပြီး တည်ငြိမ်အေးချမ်းမှုပျက်ပြားခဲ့ရသည့် ဆီဆိုင်မြို့နယ်မှ ဒေသခံပြည်သူများက ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်ကန့်ကွက်လျက်ရှိသည့်အတွက် တရားမဝင် ပြည်ဖျက်မီဒီယာများမှတစ်ဆင့် သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကျိုက်ထီးရိုး တောင်တက်ကားလမ်းဘေး မြေသားပြိုကျမှုဖြစ်

**ကျိုက်ထို ဇွန် ၁၃**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ဇွန် ၁၃ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆံတော်ရှင်ကျိုက်ထီးရိုး တောင်တက်ကားလမ်း ကင်မွန်းချောင်းကျေးရွာမှ (၇)မိုင်(၆)ဖာလုံ စခန်းလေးရေဆိပ်ကွေ့တွင် မြေသားပြိုကျမှုဖြစ်ပွားခဲ့သည်။

အဆိုပါမြေသားပြိုကျမှုဖြစ်ပွားရာသို့ ရင်ပြင်တော် ရဲကင်းစခန်းမှ ဒုရဲအုပ် ဖြိုးသူကျော်နှင့်တပ်ဖွဲ့ဝင်များ၊ ရင်ပြင်တော်မီးသတ်စခန်းမှ လက်ထောက်ဦးစီးမှူး ဦးအောင်ငြိမ်းနှင့်တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်ဖွဲ့ဝင်များ၊ ကျိုက်ထီးရိုးဂေါပကအဖွဲ့ဝင်နှင့် တောင်တက်အသင်းတို့ ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ကြရာ ဇွန် ၁၂ ရက်နေ့ ညပိုင်းမှစတင်၍ မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် စခန်းလေးရေဆိပ်ကွေ့ တောင်တက်ကားလမ်းဘေး အမြင့်ပေ ၁၀၀ ခန့်၊ အလျား ပေ ၃၀ ခန့် မြေသားပြိုကျမှုဖြစ်ပွားပြီး တောင်တက်ကားလမ်းပေါ် အရှည်ပေ ၁၀၀ ခန့် မြေသားပိတ်ဆို့မှုဖြစ်ပွားလျက်ရှိရာ ပူးပေါင်းအဖွဲ့က မြေသားရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

မြေသားပြိုကျပြီး တောင်တက်ကားလမ်းပိတ်ဆို့မှုများကြောင့် ကျိုက်ထီးရိုးဘုရားဖူးပြည်သူများအား ကင်မွန်းစခန်း – ရသေ့တောင် တောင်တက်လမ်းဟောင်းမှ ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**



## ယူရို ၂၀၂၄ အဖွင့်မျက်နှာပန်းလှဖို့ စကော့တလန်ကို အနိုင်ယူဖို့ ကြိုးစားလာမယ့် အိမ်ရှင်ဂျာမနီ

■ မိုးဇက် – ရေးသားသည်




**ဇွန် ၁၅ ရက် နံနက် (မြန်မာစံတော်ချိန် နံနက် ၁ နာရီခွဲ) မှာ ပရိသတ်စိတ်ဝင်စားမှုအမြင့်ဆုံး ပြိုင်ပွဲတစ်ခုဖြစ်တဲ့ ယူရို ၂၀၂၄ ပြိုင်ပွဲကြီး စတင်ယှဉ်ပြိုင်ကစားတော့မှာ ဖြစ်ပါတယ်။ အိမ်ရှင်ဂျာမနီအသင်းက အုပ်စု (က) မှာ ဟန်ဂေရီ၊ စကော့တလန်၊ ဆွစ်ဇာလန် အသင်းတို့နဲ့ တစ်အုပ်စုတည်း ကျရောက်နေပါတယ်။ အဖွင့်ပွဲစဉ်အဖြစ် အိမ်ရှင်ဂျာမနီနဲ့ စကော့တလန်အသင်းတို့ စတင်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။**

### ဂျာမနီအသင်း အခြေအနေ

အိမ်ရှင်ဂျာမနီအသင်းကို ဂျာမနီလူမျိုးနည်းပြ နဂျယ်စမန်းက တာဝန်ယူကိုင်တွယ်နေတာဖြစ်ပြီး နျူအာ၊ ကင်းမစ်ချ်၊ ရူဒီဂါ၊ ခရူးစ်၊ မူစီရယ်လာ၊ ဂန်ဒိုဂန်၊ ဟာဗက်ဇ်၊ ဆာနေ၊ ဖူးလ်ခရတ်စတဲ့ အဓိက ကစားသမားတွေနဲ့ ပေါင်းစပ်ဖွဲ့စည်းထားတယ်။

ပြိုင်ပွဲမတိုင်မီ နောက်ဆုံးကစားခဲ့တဲ့ ခြေစမ်းပွဲမှာ ဂျာမနီက ဂရိကို နှစ်ဂိုး–တစ်ဂိုးနဲ့ အနိုင်ရထားတယ်။ အဲ့ဒီပွဲမှာ ဂျာမနီအသင်းက ခြေစွမ်းပိုင်း သာလွန်မှုရှိပေမယ့် ဂိုးကန်သွင်းမှုအပိုင်းမှာ အားနည်းတာတွေ့ရတယ်။ ဒါ့အပြင် ဂျာမနီအသင်းက စုဖွဲ့မှုကောင်းကောင်း၊ ကျစ်ကျစ်လျစ်လျစ်နဲ့ နေရာစုံမှာ သာလွန်တဲ့ ကစားဟန်ပြသနိုင်ပေမယ့် ဟာဗက်ဇ်ဦးဆောင်လာဖွယ်ရှိတဲ့ တိုက်စစ်ပိုင်းက သွင်းဂိုးရယူမှာ အခက်တွေ့ဖွယ်ရှိတယ်။

မည်သို့ပင်ဆိုစေ ဂျာမနီအသင်းက အိမ်ရှင်အသင်း ဖြစ်တဲ့အပြင် ကစားသမားတွေရဲ့ တစ်ဦးချင်းစွမ်းဆောင်ရည်ကလည်း ပြိုင်ဘက်စကော့တလန်အသင်းထက် သာလွန်မှုရှိတာကြောင့် အဖွင့်ပွဲစဉ်မှာ မဖြစ်မနေ နိုင်ပွဲရရှိဖို့ ခြေကုန်ထုတ်လာမှာ သေချာပါတယ်။

### စကော့တလန်အသင်း အခြေအနေ

စကော့တလန်အသင်းကိုလည်း စကော့တလန်လူမျိုးနည်းပြ စတိဗ်ကလာကီက တာဝန်ယူကိုင်တွယ်နေတာဖြစ်ပါတယ်။ အသင်းကို ကူးပါး၊ ရော်ဘတ်ဆန်၊ မက္ကင်နာ၊ အမ်းစထရောင်း၊ တွန်မီနေး၊ ဂျိမ်းစ်ဖောရက်စ်၊ မော်ဂန်၊ ကွန်းဝေးစတဲ့ အဓိက ကစားသမားတွေနဲ့ ဖွဲ့စည်းထားပါတယ်။

နောက်ဆုံးကစားခဲ့တဲ့ ခြေစမ်းပွဲနှစ်ပွဲမှာ တစ်ပွဲနိုင်ပြီး တစ်ပွဲသရေကျထားတယ်။ ဒါ့ပြင် စကော့တလန်အသင်းက ပြိုင်ပွဲစုံ နောက်ဆုံးကစားခဲ့တဲ့ ကိုးပွဲမှာလည်း နိုင်ပွဲတစ်ပွဲသာရရှိအောင် စွမ်းဆောင်ထားပြီး သရေသုံးပွဲနဲ့ ရှုံးပွဲငါးပွဲအထိ ရှိထားတယ်။ ပြောမယ်ဆိုရင် စကော့တလန်အသင်းရဲ့ ခြေစွမ်းက ပြိုင်ဘက်အသင်းကို အတိဒုက္ခပေးနိုင်တဲ့ အခြေအနေမှာ ရှိမနေဘူး။ သို့သော်ငြား အဖွင့်ပွဲစဉ်မှာ ရလဒ်ဆိုးရွားမှုနဲ့ မကြုံတွေ့ရအောင်အသင်းကို အကောင်းဆုံးပြင်ဆင်လာမှာပါ။

### ဂျာမနီနဲ့စကော့တလန်အသင်း အခြေအနေ

ဂျာမနီနဲ့ စကော့တလန်အသင်းတို့ ထိပ်တိုက်တွေ့ဆုံခဲ့တဲ့ နောက်ဆုံးနှစ်ကြိမ်မှာ ဂျာမနီအသင်းက နှစ်ကြိမ်စလုံး အနိုင်ရရှိထားတယ်။ ဒီနှစ်သင်းတွေ့ဆုံတိုင်း အပြန်အလှန်သွင်းဂိုးတွေ မြင်တွေ့ရလေ့ရှိတယ်။

ဘောလုံးပိုင်ဆိုင်မှုထက် ရရှိလာမယ့်အခွင့်အရေးကို အမိအရအသုံးချကာ ဂိုးအဖြစ်ပြောင်းလဲနိုင်ရေး ဦးတည်လာမယ့် စကော့တလန်အသင်းရဲ့ ကစားဟန်ကြောင့် အိမ်ရှင်ဂျာမနီအသင်း သွင်းဂိုး ရရှိရေးမှာ အခက်တွေ့ဖွယ်ရှိတယ်။ သို့သော်ငြား ကွင်းလယ်မှာ လုပ်အားနှုန်းကောင်းပြီး နေရာစုံရွေ့လျားနိုင်တဲ့ တိုနီခရူးစ်၊ အန်းဒရစ်ချ်တို့ရဲ့ လိမ္မာပါးနပ်တဲ့ ဘောလုံးဖြန့်ဝေမှုနဲ့အတူ တစ်မူထူးခြားတဲ့ စွမ်းဆောင်ရည်မျိုးပိုင်ဆိုင်ထားတဲ့ အိမ်ရှင်ဂျာမနီအသင်းရဲ့ တိုက်စစ်ကိုတော့စကော့တလန်အသင်း ခံစစ်က ပွဲချိန်ပြည့် ဟန့်တားရှင်းထုတ်နိုင်ဖို့ မလွယ်ဘူး။

ပရိသတ်စိတ်ဝင်စားမှုမြင့်မားတဲ့ နိုင်ငံတကာအဆင့်ဘောလုံးပြိုင်ပွဲတွေမှာ မထင်မှတ်ထားတာတွေ ဖြစ်လေ့ဖြစ်ထရှိတယ် ဆိုသော်ငြား ယူရို ၂၀၂၄ မှာ အဖွင့်မျက်နှာပန်းလှဖို့ နိုင်ပွဲရရှိရေး ခြေကုန်ထုတ်လာမယ့် အိမ်ရှင်ဂျာမနီအသင်းကို စကော့တလန်အသင်း လုပ်ဆောင်နိုင်မှာ မဟုတ်ဘူး။ ။

**ဂျာမနီ VS စကော့တလန်**

■ ယူရိုပြိုင်ပွဲ အုပ်စု (က) – ပွဲစဉ် (၁)
■ စနေနေ့ – နံနက် ၁ နာရီ ခွဲ



# ပြည်ထောင်စုနယ်မြေ ဥတ္တရသီရိမြို့နယ်၌ အခွန်ပညာပေးဆွေးနွေး

နေပြည်တော် ဇွန် ၁၃

ပြည်ထောင်စုနယ်မြေ သီရိ(၅) မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ဥတ္တရသီရိမြို့နယ်ရှိ လုပ်ငန်းရှင်များအား ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် အခွန်ပညာပေးဆွေးနွေးပွဲကို ယနေ့တွင် ဥတ္တရသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်သက်သန္တာနွယ်က အမှာစကားပြောကြားပြီး ဆက်လက်၍ သီရိ(၅)မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး(ဥတ္တရသီရိမြို့နယ်တာဝန်ခံ)က ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ ရှင်းလင်းတင်ပြသည်။

ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် အခွန်ထမ်းလုပ်ငန်းရှင် စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ခဲ့ပြီး ပြေစာများအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်များနှင့် ဗီနိုင်းများ ဖြန့်ဝေပေးသည်။

မြန်မာ့အလင်း




# ပေါင်မြို့နယ်၌ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အကြိုဟောပြောပွဲကျင်းပ

ပေါင် ဇွန် ၁၃

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အကြိုဟောပြောပွဲကို မွန်ပြည်နယ် ပေါင်မြို့နယ် ကဒုံစီးမူလတန်းကျောင်း၌ ဇွန် ၁၃ ရက်က ပြုလုပ်သည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီးက မူးယစ်ဆေးဝါး အန္တရာယ်အကြောင်း ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်တင်ဇာစိုးက မူးယစ်ဆေးဝါး သုံးစွဲသူများသည် လူစိတ်ပျောက်ကာ အသိတရားမရှိခြင်း၊ စိတ်ကြွဆေးဝါးများကို သုံးစွဲခြင်းဖြင့် မိမိ၏ခန္ဓာကိုယ်အတွင်းရှိ ကြွက်သားများ ပျက်စီးစေခြင်းစသည့် ဆိုးကျိုးများအကြောင်းကို ဟောပြောကာ ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းသည်။ ဟောပြောပွဲအပြီးတွင် မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် နံရံကပ်စာစောင်များကို ခင်းကျင်းပြသခဲ့သည်။

မွန်မလေး(ပြန်/ဆက်)

# မင်းဘူးမြို့ရှိ ရွှေရော မိုဘိုင်းဖုန်းနှင့် အီလက်ထရောနစ်အရောင်းဆိုင်မှ ညစောင့် လုပ်သားတစ်ဦး အသတ်ခံရမှုဖြစ်ပွား

မင်းဘူး ဇွန် ၁၃

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ရှိ ရွှေရော မိုဘိုင်းဖုန်းနှင့် အီလက်ထရောနစ် အရောင်းဆိုင်မှ ညစောင့်လုပ်သား အမျိုးသားတစ်ဦး ဇွန် ၁၃ ရက် နံနက်ပိုင်း အချိန်ခန့်က အသတ်ခံရမှုဖြစ်ပွားခဲ့ကြောင်း မင်းဘူးမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၃ ရက် နံနက် ၃ နာရီခန့်က အမှတ်(၃) ရပ်ကွက် ကုလားကုန်းမီးပွိုင့်အနီး မင်းဘူး-စကု ကားလမ်းမဘေးရှိ ရွှေရော မိုဘိုင်းဖုန်းနှင့် အီလက်ထရောနစ် အရောင်းဆိုင်ရှေ့တွင် လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သတင်းအရ မင်းဘူးမြို့မရဲစခန်းမှ တာဝန်ရှိသူများ သွားရောက်စစ်ဆေးရာ အဆိုပါ အရောင်းဆိုင်မှ ညစောင့်လုပ်သား ဦးဇော်မြင့်သန်း ၆၁ နှစ် မင်းဘူးမြို့ အမှတ်(၄) ဝဍ္ဍုဝန် ရပ်ကွက်နေသူမှာ သော့ခတ်ထားသည့် ဆိုင်ရှေ့တံခါးအပြင်ဘက် အမိုးအောက်ရှိ ခုတင်ပေါ်၌ အိပ်နေစဉ် အလျား ၈ လက်မ၊ အနံ ၂ လက်မခန့် အရွယ်ရှိ ကွန်ကရစ်ကျောက်ခဲဖြင့် နဖူးကို ထုသတ်ခံရကာ ခုတင်ဘေးသို့ ပြုတ်ကျ၍မှောက်လျက်သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရသည်။



ဖြစ်မှုကျူးလွန်သူ အသုံးပြုခဲ့သည့် ကွန်ကရစ်ကျောက်ခဲ။

အဆိုပါ သေဆုံးသူအား မင်းဘူးမြို့ ဖြဟ္မစိုရ် လူမှုကူညီရေးအသင်းမှ မော်တော်ယာဉ်ဖြင့် မင်းဘူးခရိုင် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ဖြစ်မှုကျူးလွန်သူ တရားခံအား ဖမ်းဆီးရမိရေးအတွက် မင်းဘူးမြို့မရဲစခန်းမှ စုံစမ်းစစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)



အခင်းဖြစ်ပွားခဲ့သည့် ရွှေရော မိုဘိုင်းဖုန်းအရောင်းဆိုင်။

စက်ရုံလွှင့်ထုတ်၊ လေညစ်ပုပ် တောတွင်းသစ်ပင်၊ အကုန်စုပ် တို့တွေရှုသွင်း၊ လေသန့်ရှင်း မချွင်းရမှာ၊ တောကသာ

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ယနေ့စျေးကွက်ပေါက်စျေးများ

၁၃ - ၆ - ၂၀၂၄

စက်သုံးဆီ(လက်လီစျေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၀၅ ကျပ် | ၂၃၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၅၀ ကျပ် | ၂၄၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၄၉၅ ကျပ် | ၂၅၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၆၁၅ ကျပ် | ၂၆၈၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းစျေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်စျေး (ကျပ်) | အပိတ်စျေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၁၀၀ | ၉၂၀၀ | ၇၅၈ | ၆၉၀၆၈၀၀ |
| MTSH | ၃၂၀၀ | ၃၂၅၀ | ၅၄၉၈ | ၁၇၆၀၈၅၀၀ |
| MCB | ၈၄၀၀ | ၈၃၀၀ | ၁၃၅ | ၁၁၃၂၈၀၀ |
| FPB | ၁၇၅၀ | ၁၇၅၀ | ၆၆၉ | ၁၁၇၀၁၅၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၁၈၅၀ | ၁၉၀၀ | ၉၃၆ | ၁၇၄၂၆၅၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၇၁၉၉ | ၃၄၅၇၅၁၀၀ |
| MAEPC | ၃၃၅၀ | ၃၃၀၀ | ၂၁၆၃၃ | ၇၁၄၄၀၅၅၀ |

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ၂၀၂၄-၂၀၂၅ခု၊ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် Laptop Computer (၄)လုံး ဝယ်ယူရန်အတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည် -

(က) Laptop Computer
- Intel® Core i7
- Memory DDR5 16 GB
- Storage 1 TB
- Bluetooth Mouse
- Monitor 16"

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၃-၆-၂၀၂၄ ရက်နေ့မှ ၁၉-၆-၂၀၂၄ ရက်နေ့အထိ ရုံးချိန်အတွင်း ရုံးအမှတ်(၇)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော်တွင် တင်ဒါ(၁)စောင်လျှင် ၂,၀၀၀/- ကျပ်နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၀-၆-၂၀၂၄ရက်နေ့ မွန်းတည့် ၁၂:၀၀ နာရီအတွင်း ရုံးအမှတ်(၇)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော်သို့ လာရောက်ပေးသွင်းကြရန်ဖြစ်ပါသည်။ သတ်မှတ်ကာလ ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါ အာမခံကြေးအဖြစ် တင်ဒါတင်သွင်းမည့်လုပ်ငန်းတန်ဖိုး ၁% အား မြန်မာနိုင်ငံတော် ဗဟိုဘဏ်က အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုမှ PG (Performance Bank Guarantee) ပြုလုပ်၍ ပေးသွင်းရမည်ဖြစ်သည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၂၁၂၈၊ ၀၆၇-၃၄၁၂၁၂၃၊ ၀၆၇-၃၄၁၂၆၆၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကြော်ငြာစာ (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃) မရမ်းကုန်းခရိုင်တရားရုံးတော် ၂၀၂၄ခုနှစ် တရားမအထွေထွေမှုအမှတ် ၂၇

**ကွယ်လွန်သူဦးစီဂျေလွိဝစ်၏ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၊ အမှတ် (၇) ရပ်ကွက် မေခလမ်း (အေဒီလမ်း၊ အမှတ် (၁၁) ၌ နေထိုင်ခဲ့သော ကွယ်လွန်သူဦးစီဂျေလွိဝစ်၏ သေတမ်းစာအတည်ပြုသည့် လက်မှတ်ထုတ်ပေးပါမည့် အကြောင်းနှင့် (၁) ဦးလောရင်း (၂) ဘရာသာရ်ထွန်းကြည်၊ (၃) ဦးဟရန်းလာလ်(ကိုယ်တိုင်နှင့် အမှတ်(၁) (၂) လျှောက်ထားသူများ၏ အခွင့်ရကိုယ်စားလှယ်တို့က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ခုနှစ် ဇွန်လ ၂၇ ရက် (၁၃၈၆ ခုနှစ်) နယုန်လဆုတ်(၆)ရက်)နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ၊ သေတမ်းစာရေး သားသူ) ဦးစီဂျေလွိဝစ်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါ အမှုတွင်၎င်းတို့လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင် ဆိုခဲ့သော ၂၀၂၄ ခုနှစ် ဇွန်လ ၂၇ ရက်(၁၃၈၆ ခုနှစ်၊ နယုန်လဆုတ်(၆)ရက်)နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် သေတမ်းစာ အတည်ပြုချက် လက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန်အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။လာရောက်ခြင်း မရှိပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော (၁)ဦးလောရင်း (၂)ဘရာသာရ်ထွန်းကြည်(၃)ဦးဟရန်းလာလ် ကိုယ်တိုင်နှင့် အမှတ်(၁)(၂) လျှောက်ထားသူများ၏ အခွင့်ရ ကိုယ်စားလှယ်)တို့၏ လျှောက်လွှာအပေါ်၌စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကေသီခိုင် )**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မရမ်းကုန်းခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ခရပ်ကွက်၊ အကွက်အမှတ် ဟ-၁၀၊ ဦးပိုင်အမှတ် ၁၄-ခ/၆၃B လမ်း၊ ၁၁၆x၁၁၇လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဖြိုးဝေလင်း ၁၃/နခတ(နိုင်) ၀၈၆၅၂၆၏ အထူးကိုယ်စားလှယ် လွှဲစာအမှတ်(၂၇၄၃/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ခင်မာနိုင် ၉/မရတ(နိုင်)၀၉၃၁၀၁က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ကိုအောင်သူစိုး ၁၄/ငပတ(နိုင်) ၁၈၅၀၃၅၏ ပတ်စ်ပို့စာအုပ်အမှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
| ၆။ ဦးရဲကျော်သူ | | ၇။ ဦးအောင်မျိုးထွန်း |
| ၇။ ဦးဖြိုးဝေသူ | | ၈။ ဦးကြည်မင်းဦး |
| | | ၉။ ဒေါ်နွေးနွေးလှိုင် |
| | | ၁၀။ ဒေါ်စုရတနာလှိုင် |
| | | ၁၁။ ဒေါ်ခင်မြင့်ရီ |
| | | ၁၂။ ဦးမြင့်စိုး(ခ)ဖိုးချို |
| | | ၁၃။ ဦးဆန်းဝေ |
| **ပြင်ဆင်မှုလျှောက်ထားသူများ** | | **ပြင်ဆင်မှုလျှောက်ထားခံရသူများ** |

လျှောက်ထားခံရသူအမှတ် (၅) ဦးအေးလွင် အမှတ်(၁၄၀)၊ ပထမထပ်၊ (၄၉) လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

အထက်အမည်ပါလျှောက်ထားသူ ဦးမျိုးမင်းသူ ပါ(၇)က ဤရုံးသို့ သထုံခရိုင်တရားရုံး၊ တရားမပြင်ဆင်မှုအမှတ် ၃၆/၂၀၂၂ အမှုတွင် ၁၉-၄-၂၀၂၃ ရက်က ချမှတ်သည့်အမိန့်အပေါ် မကျေနပ်၍ ဤပြင်ဆင်မှုကို လျှောက်ထားလာပြီး ၂၉-၁-၂၀၂၄ ရက်တွင် အမှတ်(၁)ပြင်ဆင်မှုလျှောက်ထားခံရသူ ဦးမြင့်လွင် (ခ) ဦးချွန်မြိုင် ကွယ်လွန်သဖြင့် ၎င်း၏နေရာတွင် အမွေဆက်ခံခွင့်ရှိသော သား သမီးများဖြစ်ကြသည့် မချိုသဲခိုင်၊ မစုစုစံ၊ ကိုစိုးဝေလွင်၊ မောင်နိုင်မင်းထက်တို့ (၄)ဦးအား တရားဝင်ကိုယ်စားလှယ်များအဖြစ် ထည့်သွင်းပေးပါရန် ဦးမျိုးမင်းသူ ပါ(၇)ဦးတို့မှ လျှောက်ထားလာသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချမှတ်သင့်ကြောင်း အကြောင်းပြရန် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက် (၁၃၈၆ ခုနှစ်၊ နယုန်လဆုတ် ၁၀ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာ စစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုင်းလုံတစ်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**မွန်ပြည်နယ်တရားလွှတ်တော်**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မကွေးမြို့နယ်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၉

| | | |
|---|---|---|
| ဒေါ်ယဉ်ငြိမ်းသူ | **နှင့်** | ၁။ ဦးတင်ကိုဝင်း |
| | | ၂။ ဒေါ်နီလာဝင်း |
| **တရားလို** | | **တရားပြိုင်များ** |

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အောင်မေတ္တာ(ဃ)ရပ်ကွက်၊ (၁၂)လမ်းနေ (၁)တရားပြိုင် ဦးတင်ကိုဝင်းနှင့် (၂)တရားပြိုင် ဒေါ်နီလာဝင်း (အတူနေ လင်မယား) (ယခုနေရပ်လိပ်စာ မသိသူများ) သိစေရမည်။

သင့်အပေါ် တရားလို ဒေါ်ယဉ်ငြိမ်းသူက သီးခြားသက်သာခွင့်ဥပဒေ ပုဒ်မ(၉) အရ တရားလို လက်ရှိပိုင်ဆိုင်သော ဝိုင်းမြေအား တရားပြိုင်များက ကျူးကျော်ဝင်ရောက်၍ အဆောက်အအုံ ဆောက်လုပ်နေထိုင်သဖြင့် ထိုအဆောက်အအုံအား ဖျက်သိမ်း၍ တရားလို လက်မဲ့ဖြစ်သွားသော ဝိုင်းမြေအား ပြန်လည်လက်ရောက်ရလိုမှုဖြင့်လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၁ ရက် (၁၃၈၆ ခုနှစ်၊ နယုန်လပြည့်နေ့) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်ဟု အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ ရက်တွင် ဤရုံးတံဆိပ်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဆွေဟန်နီဦး)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**မကွေးမြို့နယ်တရားရုံး**

## အထွေထွေကိုယ်စားလှယ်လွှဲစာလွှဲအပ်ထားခြင်းအား ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ဦးအောင်ချို ၁၄/ရကန(နိုင်)၁၁၁၆၆၀ သည် ဒေါ်သန်းသန်းအေး (ဘ)ဦးသာဒင် ၁၄/ရကန(နိုင်)၀၀၁၅၀၁ အား ရေကြည်မြို့၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် ၁၅-၁၂-၂၀၂၄ ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် (၄၂/၂၀၂၂) ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲအပ်ထားခဲ့ပါသည်။ အဆိုပါ အထွေထွေကိုယ်စား လှယ်လွှဲအပ်ထားခြင်းအား ပြန်လည်ရုပ်သိမ်းပါကြောင်းနှင့် ကန့်ကွက်ရန်ရှိပါက (၁)ပတ်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ချို**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိ အနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဦးကျော်ကျော်မိုး ၅/ဝလန(နိုင်)၁၀၃၃၅၀ (ဘ) ဦးခင်မောင်ကို အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၃၂၃၂၂)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၂၆၈/၂၀၂၂(၂၉-၇-၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်သန်းသန်းငွေး ၉/ပဘန(နိုင်) ၁၅၀၈၁၁ (ဘ)ဦးမောင်လွင်မှ ဒေါ်သင်းသင်းယု ၉/မထလ(နိုင်)၂၃၅၁၃၇နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများပြည်သူသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်(အနောက်ပိုင်း)၊ ပဒံကွင်း၊ အမှတ်-၃၆၉(ခ) ဖြစ်သောမြေကွက်အလွတ်ကေ(၄၀)ကို အကျိုးခံစားခွင့် ရှိသူ လယ်သမား ဦးတင်ရွှေနှင့် ဦးဘုန်းမြတ်ကျော်တို့နှစ်ဦးမှ ဦးလှထွန်းသို့ မြေကေ(၂၀)ကို အကျိုးခံစားရယူရန် အထွေထွေကိုယ်စားလှယ်လွှဲစာအပါအဝင်ဖြင့် ကေ(၂၀)ကို အကျိုးခံစားပိုင်ဆိုင်စီမံခန့်ခွဲခွင့်ပေးအပ်ကာ မြေကေ(၄၀)အတွက် တန်ဖိုးသင့်ဝယ်ယူခွင့်ကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြလျှောက်ထားပြီး ဖြစ်ပါသည်။ ဦးလှထွန်းအကျိုးခံစား ပိုင်ဆိုင်စီမံခန့်ခွဲခွင့်ရှိသည့်မြေကေ (၂၀)ကို ရောင်းချ၊ ပေးကမ်း၊ စွန့်လွှတ်၊ လွှဲပြောင်း၊ နေထိုင်အသုံးပြုခြင်းများ ပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း သိစေအပ်ပါသည်။

**ဦးလှထွန်း ၁၂/သကတ(နိုင်)၁၂၄၄၂၂ (ဖုန်း-၀၉-၄၂၁၇၅၈၀၉၇) ၏**
**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇော်မြင့်ထွန်း**
**LL.B,D.BL, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၈၇၉၈) (၃၀-၁၁-၂၀၂၃)**
**အမှတ်(၀/၃၁၀)၊နီလာ(၅)လမ်း၊ (၀)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၆၃၄၁၂၀၀၊ ၀၉-၄၀၈၉၃၅၂၀၂**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်နေ ဒေါ်ငွေတင်၏ သား မောင်ဝင်းမော်ထွန်း ၉/ပမန(နိုင်)၀၆၀၉၀၂ သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက်ပြုမူဆောင်ရွက်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဒေါ်ငွေတင် ၉/ပမန(နိုင်)၀၁၀၈၈၇**

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၈ ရက် အီဒုလ်အသွဟာ (ကုရ်ဘာနီအီးဒ်နေ့) ရက်တွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေး ပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

## အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ညောင်ပင်ဆိပ်ရွာတွင် နေထိုင်သူ ဒေါ်ရီရီဝင်း(ခ)ချောချော ၁၄/ဝခမ(နိုင်)၂၇၃၈၅၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်သည်မှာ-

ကျွန်ုပ်တို့၏မိတ်ဆွေဒေါ်ရီရီဝင်း(ခ)ချောချော ၁၄/ဝခမ(နိုင်)၂၇၃၈၅၅ သည် ၁၁-၅-၂၀၂၁ ရက်တွင် ဦးစစ်မင်းမောင် ၁၂/လသယ(နိုင်)ဝ၇၉၂၁၈ နှင့် တရားဝင်လက်ထပ်ထိမ်းမြားခြင်း၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ရာ သားဖြစ်သူ မင်းသြဇာမောင်အား ၁၂-၁၂-၂၀၂၁ ရက်တွင်မွေးဖွားခဲ့ပါသည်။ ယခုအခါ ကျွန်ုပ်တို့မိတ်ဆွေသည် ၁၅-၁၁-၂၀၂၃ ရက်က ဒူဘိုင်းနိုင်ငံ(ခေတ္တ)သို့ ထွက်ခွာသွားပြီးနောက်ပိုင်းတွင် ဦးစစ်မင်းမောင်နှင့် စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိတော့ပါသဖြင့် (တရားဝင် ကွာရှင်းထားခြင်းမရှိသော်လည်း) လင်မယားအဖြစ် ပေါင်းသင်းဆက်ဆံ ပတ်သက် ဆက်နွယ်မှုများမရှိတော့သည့်အတွက် ဦးစစ်မင်းမောင်နှင့် ပတ်သက်သမျှသော ကိစ္စရပ်အဝဝတို့မှာ ကျွန်ုပ်တို့မိတ်ဆွေနှင့် သက်ဆိုင်မှုမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရီရီဝင်း(ခ)ချောချော၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မျိုးမဇ္ဈူ(LL.B)(ဥပဒေတွဲ့) ဒေါ်ဆန်းမျိုး(ဥပဒေတွဲ့)**
**(စဉ်-၁၉၂၉၆/၁၀-၄-၂၀၂၄) (စဉ်-၁၈၆၆၂/၃၀-၁၁-၂၀၂၃)**
**တရားလွှတ်တော်ရှေ့နေများ**
**ကုန်းတလိကျေးရွာ၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၈၆၇၇၆၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ တိုက်အမှတ် (B-1)၊အခန်း(၃၀၄)၊ (၃-လွှာ)၊ ဗိုလ်မင်းရောင်အိမ်ရာဝင်းအတွင်းရှိ ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် တိုက်ခန်းအမည်ပေါက်ဖြစ်သူ ဒေါ်ခင်မာချို ၁၄/ပသန(နိုင်)ဝ၂၈ဝ၉၆ ထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်အကျိုးခံစားလျက် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သူသူဇင် ၁၂/ဥကတ(နိုင်)၁၄၂၄၉၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဆွေမာ ၉/ကပတ(နိုင်)၁၀၃၂၂၅ က ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်မည့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် အထက်ဖော်ပြပါ တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်လဲ့လဲ့မိုးဝင်း (LL.B) ဒေါ်နှင်းဝင့်ဝင့်အောင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၅၉၀၄) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၄၃)**
**အမှတ်(၅၁/ခ)၊ ငုဝါမြိုင်လမ်း၊ (၄၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း ၀၉ ၄၀၀၂၇၇၇၂၅**

## ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ နဝဒေးရပ်ကွက်၊ ပြည်(၁)လမ်း၊ အမှတ်(၁၁၀၃)နေ(ဘ)ဦးအေးကို ၏သားဦးသက်ဇင်ဦး ၇/ပခန(နိုင်)၂၄၀၄၂၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသက်ဇင်ဦး ၇/ပခန(နိုင်)၂၄၀၄၂၁ နှင့် ဒေါ်မြမြမိုး ၇/ပခန (နိုင်)၂၃၁၄၇၅ တို့သည် လွန်ခဲ့သော (၂၃)နှစ်ခန့်ကတည်းက အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ရာ သမီး(၂)ဦး ထွန်းကားခဲ့ပါသည်။ ထိုသို့ပေါင်းသင်း နေထိုင်လာစဉ်အတွင်း တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိဘဲ ဆက်လက်ပေါင်းသင်းရန် မဖြစ်နိုင်တော့သဖြင့် ၁၂-၆-၂၀၂၄ ရက်တွင် တရားဝင် ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဦးသက်ဇင်ဦးနှင့် ဒေါ်မြမြမိုးတို့သည် တစ်ဦးနှင့်တစ်ဦး လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်းနှင့် ဒေါ်မြမြမိုးနှင့်ပတ်သက်သော ကိစ္စအဝဝအားလုံးကိုလည်း ကျွန်ုပ်မိတ်ဆွေ ဦးသက်ဇင်ဦးမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေမြင့် (စဉ်-၁၇၃၈၉/၂၁)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၇၀၂၁)၊ သော်ကလမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်။**
**ဖုန်း-၀၉-၂၅၀၂၀၃၀၃၁**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

အင်္ဂပူမြို့နယ် ကျွဲသောင်အုပ်စု ဘောဇကိုင်းကျေးရွာ ဦးဇော်မင်းသန်းနှင့် ဒေါ်လဲ့လဲ့ဝင်းတို့၏ သမီး မထက်အိမ်ရည် ၁၄/အဂပ(နိုင်)၂၉၀ဝ၉၈ သည် မိဘများ၏ ဆိုဆုံးမမှုအား မနာခံပါသဖြင့် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် မထက်အိမ်ရည်နှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝကိုမဆို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးဇော်မင်းသန်း ၁၄/အဂပ(နိုင်)၁၃၀၀၁၇**
**ဒေါ်လဲ့လဲ့ဝင်း ၁၄/အဂပ(နိုင်)၁၄၂၃၀၅**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ စွယ်တော်မြတ်စေတီလမ်းနှင့် သဇင်ရုံလမ်းနေ ဦးသိန်းမြင့်နှင့် ဒေါ်ခင်အေးမြင့် ၁၂/မရက(နိုင်)ဝ၆၈၉၃၂တို့၏ သမီး မစန်းစန်းချို ၁၀/မလမ(နိုင်)၁၈၃၆၃၀ သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘများ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် အမျိုးမျိုးအကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ မစန်းစန်းချိုနှင့် ပတ်သက်၍ မည်သည့်ကိစ္စကိုမှ လုံးဝ(လုံးဝ) မိဘမောင်နှမများက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးသိန်းမြင့်-ဒေါ်ခင်အေးမြင့်**

## ဖခင်အမည်မှန်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဟိန်းရတနာအောင် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 မှ မောင်ဥက္ကာစိုး၏ ဖခင်အမည်မှန်မှာ ဦးစိုးသိန်း ၉/လဝန(နိုင်)၁၀၃၁၇၆ ဖြစ်ပါကြောင်း။

**ဦးစိုးသိန်း**

## ဖခင်အမည်မှန်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဟိန်းရတနာအောင် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade- 6 မှ မောင်ဝသုန်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးဝင်းသိန်း ၁၄/ဖပန(နိုင်)၂၁၉၈၉၁ ဖြစ်ပါကြောင်း။

**ဦးဝင်းသိန်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိ မြို့နယ်၊ "မိုး" ကိုယ်ပိုင်အထက်တန် ကျောင်း၊ Grade- 6 မှ (ဘ) ဦးထိန်လင်း ၏သား မောင်စန်းလင်းမောင်နှင့် မောင်ဆန်းလင်းမောင် သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**မောင်စန်းလင်းမောင်(ခ)**
**မောင်ဆန်းလင်းမောင်**

## အမည်ပြောင်း

ပျော်ဘွယ်မြို့၊ ရွှေယောနသံ ကိုယ်ပိုင် အလယ်တန်းကျောင်း Grade-2 မှ (ဘ) ဦးမိုးကျော် ၉/ပဘန(နိုင်)၁၂၄၃၁၂ ၏ သမီး မမေဝတီကျော်အား မမေသွန်းခ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မမေသွန်းခ**

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကိုသန့်ဇင် ၅/မမန(နိုင်)ဝ၈၅၆၃၃၏ နိုင်ငံကူးလက်မှတ် MF-141961 နှင့် CDC 106159 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၈၄၃၆၆၇၀၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 30W/53184 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန္ဒာဝင်း ၇/အတန (နိုင်)ဝ၅၈၁၂၉ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/20061 Canda-110 ယာဉ်လက်ဝယ်ရှိသူ ဦးနေသူ ၉/ပမန(နိုင်)၂၀၅၈၄၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊**
**နေပြည်တော်ရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၅)ရပ်ကွက်၊ (၅၁)လမ်း၊ (၅၁)လမ်းအိမ်ရာ၊ Tower B၊ 8F အခန်းအမှတ်(၈၀၂)၊ အကျယ်အဝန်း (၁၈၀၀) စတုရန်းပေအကျယ်ရှိ ဒေါ်နီနီဦး ၁၂/ဗဟန(နိုင်)ဝ၅ဝ၇၄၉ အမည်ပေါက် ကွန်ဒိုတိုက်ခန်းကို အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း(မူရင်း)များဖြင့် လူ ကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ Viber မှ ပေးပို့၍သော်လည်းကောင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးသတ်ငွေပေးချေ၍ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်စိမ့်စိမ့်ထွန်း ၁၄/ပသန(နိုင်)၁၆၉၃၆၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရ သီရိအလယ်ရပ်၊ မြေကွက်အမှတ်(ဥ-၄၀၀၁၊ ၄၀၀၂)၊ မြေရေိယာ ၀ ဒသမ ၆၆၁ ဧကရှိ ဒေါ်ဇာဇာထွန်း အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား ဒေါ်ဇာဇာထွန်း ၉/အမရ(နိုင်)ဝ၈၈၃၄၅ (ဘ)ဦးလှငွေးမှ နှစ်(၃၀)မြေငှားစာချုပ်မူရင်းတင်ပြ၍ မြေကွက်(၂)ကွက်ပူးတွဲပြီး မြေငှားစာချုပ် ထုတ်ပေးထားရှိရာမှ မြေကွက်(၁)ကွက်ချင်းစီ မြေငှားစာချုပ်များခွဲစိတ်ခွင့်ပြုပါရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်များခွဲစိတ်ခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေရေိယာ ၀ ဒသမ ၂၂၉ဧက၊ မြေကွက်အမှတ်(ဥ-၅၂၆၆)၊ ဦးပါကျွန်း(ဘ) ဦးဆာဝရီမူတူး အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဦးပါကျွန်း ၁၂/ပဘတ(နိုင်)ဝဝ၇၃၈၉ (ဘ) ဦးဆာဝရီမူတူးမှ ဦးမင်းသူရိန်ထွန်း ၉/မထလ(နိုင်)၂၀၄၀၃၁ (ဘ) ဦးထွန်းငွေ အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေ စီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## လယ်ဝေးခရိုင်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇

ဒေါ်ဇင်ဦးနွယ် **(တရားလို)** နှင့် ဦးအောင်နိုင် **(တရားပြိုင်)**

ဦးအောင်နိုင်၊ (ဘ)ဦးပေါ်မြ၊ ပေါက်တောကျေးရွာ၊ ရန်အောင်မြင်အုပ်စု၊ ဒက္ခိဏသီရိမြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အရောင်းအဝယ်ပြုလုပ်ထားသည့် အိမ်ဝိုင်းခြံမြေအား လက်ရောက်ပေးအပ်စေလိုမှု (သို့မဟုတ်) အိမ်ပိုင်းခြံမြေ ဖိုးငွေ (၁၈၀၀၀၀၀၀ိ/-)က ျပ်နှင့် နစ်နာကြေး ငွေသိန်း (၁၀၀၀၀၀၀၀ိ/-) ကျပ် စုစုပေါင်း ငွေကျပ်သိန်း (၂၈၀၀၀၀၀၀ိ/-) တိတိရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၆ ရက် (၁၃၈၆ ခုနှစ်၊ နယုန်လဆုတ် ၅ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက် အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဒေါ်ဝတ်မှုန်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**လယ်ဝေးခရိုင်တရားရုံး**

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

ပုဏ္ဏားကျွန်းမြို့နေ (ဘ) ဦးလှမောင်သိန်း၏ သား ဦးကျော်နိုင်(ခ)ဦးညီညီထွန်း ၁၁/ပဏတ(နိုင်) ဝ၅၆၄၃၄ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်း၊ ပုတီးကုန်း အထက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးနန်းဝင်း ၏ သမီး မမျိုးမြတ်နွယ် မွေးသက္ကရာဇ်အမှန်မှာ ၇-၆-၂၀၀၈ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

အင်္ဂပူမြို့နယ်၊ အ.ထ.က လူပျိုတော်ကွင်း Grade-9မှ မအိဖြူဇင်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ရှင်း ၁၄/အဂပ(နိုင်) ၁၉၃၅၆၈ ဖြစ်ပါကြောင်း။

**ဦးခင်မောင်ရှင်း**

## အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့ EbF၊ အ.ထ.က(၁) (မင်္ဂလာဒုံ) Grade-6 မှ (ဘ) ဦးမင်းနိုင် ၉/ကဆန(နိုင်) ၁၆၄၁၉၆ ၏ သား အမည်မှန်မှာ မောင်ဖြိုးဝေယံနိုင် ဖြစ်ပါကြောင်း။

**မောင်ဖြိုးဝေယံနိုင်**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွမ်းမေ (ဘ) ဦးကျောက်လောက်လူ ၁၃/ကလတ(နိုင်) ဝ၅၃၂၄၅ ပတ်စ်ပို့အမှတ် MF-421637 သည် ပျောက်ဆုံးသွားပါသဖြင့် မည်သူမဆို တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

## ကုန်အမှတ်တံဆိပ်မှတ်ပုံတင်သွင်းပြီးစီးကြောင်း ကြေညာခြင်း

KING

အထက်ဖော်ပြပါကုန်အမှတ်တံဆိပ်သည် ၂၀၂၄ ခုနှစ်၊ မေလ ၂၉ ရက်တွင် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်စာချုပ်အမှတ် ၄/၄၅၉၀ ဖြင့် မှတ်ပုံတင်သွင်းပြီးစီးခဲ့ပြီး မွေ့ရာဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းအဖြစ် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အသုံးပြုနိုင်ရန် တီထွင်ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။ မူလပိုင်ရှင် ဒေါ်ယွန်းပန်းဟန်နီထိုက် ၏ ခွင့်ပြုချက်မရရှိဘဲ ပုံတူပြုလုပ်သုံးစွဲခြင်းများရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ကျော့မွန်မွန်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၈၉၄/၂၀၁၇)**
**အမှတ် (၄၃) အုတ်လမ်း၊ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၂၄၆၈၆၃၊ ၀၉-၇၈၀၄၆၀၁၄၀**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၅)၊ မြေကွက်အမှတ်(၁၄၇)၊ မြေကွက်အမှတ်(၁၃၅၁)၊ အကျယ်အဝန်း (အလျား ၄၀ ပေ x အနံ ၆၀ ပေ) ဦးစောမြထွန်း ၁၁/စတန(နိုင်) ဝ၀၅၁၁၈ အမည်ပေါက် မြေချပါမစ်မူရင်းအမျိုးအစားဟုခေါ်တွင်သောမြေကွက်နှင့် အဆက်စပ်စာချုပ်မူရင်းများအပါအဝင် ယင်းမြေကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိထားပိုင်ဆိုင်၍ တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နန္ဒာသောင်းလွင် ၁၀/မလမ (နိုင်)၁၄၅၃၉၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆုမြတ်ဇင်မွန်သိမ့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၅၀၅)**
**အမှတ်(၅၀)၊ ဓမ္မပါလလမ်း၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၉၀၂၅၆၉၀၆၊ ၀၉-၄၅၁၁၆၇၆၈၈**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၊ (ယခင်)အင်းစိန်၊ စီရင်စု၊ ကျောက်ရေတွင်းရပ်ကွက်၊ အမှတ်(၅၄)နှင့်(၅၅)၊ မြေကွက်၏တရားဝင်စီမံခန့်ခွဲပိုင်ခွင့်ရှိသူ ဒေါ်တင်တင်ဝင်းနှင့် ၎င်း၏မြေလှူဒါန်းထားမှုကိုလက်ခံထားသည့် ဘာသာရေးအဖွဲ့တို့၏ညှိနှိုင်းသဘောတူညီမှုဖြင့် မြေကွက်အမှတ်(၅၄)၏ တောင်ဘက်ခြမ်းတွင် ခွဲစိတ်ပိုင်းခြားထားသည့် အကျယ်အဝန်း(၄၀ x ၆၀)ပေ မြေကွက် ၅ ကွက်ကို ၁၂-၂-၂၀၁၄ ရက်စွဲပါ မိသားစုသဘောတူစီမံမှုဖြင့် ပစ္စည်းခွဲဝေခြင်း ကတိစာချုပ်အရ ဆက်ခံသူတူ၊ တူမ(၅)ဦးတို့မှ လက်ဝယ်ရရှိပိုင်ဆိုင်ထားကြပါသည်။

လက်ဝယ်ရရှိ ပိုင်ဆိုင်ထားသည့်မြေသည် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဆက်ခံသူတစ်ဦးဖြစ်သည့် ဒေါ်သိဂီထွန်းထံမှ ၎င်းပိုင်မြေတစ်ဝက်ဖြစ်သော အကျယ်အဝန်း(၂၀ x ၆၀)ပေမြေကို ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေမှ ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

မိသားစုစီမံမှုဖြင့် ရရှိထားသည့် ယခုမြေကွက်နှင့်စပ်လျဉ်းပြီး အရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါကဤကြော်ငြာပါသည့်ရက်မှစပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်မှု မရှိပါက ယခုမြေကွက်အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြင့်မိုးလှိုင် H.G.P,B.Sc(Chem:) ဒေါ်စိုးစိုးနိုင်LLB,D.I.L,W.I.P.O**
**အထက်တန်းရှေ့နေ(စဉ်-၂၁၈၁၅) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၁၁)**
**အမှတ်(၃၄၉)၊ မဇ္ဈူလမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၁၈၀၅၅**

### ဘုရားဒါယိကာမ
## ဒေါ်တင်တင်မြင့်(ခ)လူရင်ဟွာ
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ ၁၅ လမ်း၊ အမှတ် ၅၇(မြေညီထပ်)နေ (ဦးစိန်ထွန်း)၏ ဇနီး၊ တစ်ဦးတည်းသော သား ဦးဝင်းနိုင်ဦး -ဒေါ်စစ်စစ်ဝင်းတို့၏မွေးသမိခင်၊ ကက်သရင်းကြေးမုံခင်ဦး၏ အဘွားဖြစ်သူ ဒေါ်တင်တင်မြင့်(ခ) လူရင်ဟွာ သည် ၁၂-၆-၂၀၂၄ ရက်တွင် လူကြီးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၄-၆-၂၀၂၄ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အိန္ဒြာလင်းလင်းကျော်
### အသက်(၄၈)နှစ်

စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ အမှတ်(၇)စက်မှုသင်တန်းကျောင်း(မုံရွာ)၊ ကျောင်းအုပ်ကြီး ဦးအောင်နိုင်မိုး၏ဇနီး ဒေါ်အိန္ဒြာလင်းလင်းကျော်သည် ၁၃-၆-၂၀၂၄ရက် နံနက်၁၀:၅၈နာရီတွင် ရန်ကုန်မြို့၊ ကွယ်ကဘောဆေးရုံ၌ (၄၆) ပါးသော ရောဂါဖြင့် ကွယ်လွန်သွား ကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**
**ကျောင်းအုပ်ကြီးများနှင့် ဝန်ထမ်းများ**
**စက်မှုသင်တန်းကျောင်းများ**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၅၄၇၅ ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းကြည် ၁၀/ခဆန(နိုင်)၀၁၆၄၃၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၆ယ/၆၆၂၆၅ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဆန်းဦး ၃/ကဆက(နိုင်)၀၂၁၃၈၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ မြေကွက်အမှတ်(၇၆၃)၊ အမှတ်(၂၇)ဟုခေါ်တွင်သော (၂) ခန်းတွဲ(၆)ထပ်တိုက်၏ ဒုတိယထပ်(၃-လွှာ)(A-3) (တိုက်ကိုမျက်နှာမူ၍ ကြည့်လျှင် ဘယ်ဘက်ခြမ်း)၊ အကျယ်အဝန်း ($၁၂\frac{၁}{၂}$x ၄၈)ပေရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင် ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သည်ဟု ဝန်ခံကတိပြုသူများဖြစ်သော ကန်ထရိုက်တာ ဒေါ်နီလာဘာရာဒွါဂျာ (၁၂/မဂတ(နိုင်)၀၁၅၁၄၇)၊ ဦးဝသန္တဘာရဒွဂျာ (၁၂/မဂတ(နိုင်)၀၇၅၆၉၇)တို့ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ခိုင်မျိုးနွယ်နီ (၆/ထဝန(နိုင်)၀၉၃၉၆၆)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ သည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ကအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဗိုလ်ဗိုလ်ဇော် LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ စဉ်-၁၄၆၉၈/၂၀၁၈)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉၄၅၀၀၃၅၀၇၀**

### သွာနုတ္တသားများဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ ရွှေတောင်ကျေးရွာ၊ ရွာမရပ်ကွက်နေ ဒေါ်လှိုင် (၉/ဝတန(နိုင်) ဝ၄၉၂၈၃)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဒေါ်လှိုင်၏သားများဖြစ်ကြသော ဦးဇော်လင်း (၉/ဝတန(နိုင်)၁၁၀၃၄၃)နှင့် ဦးဇော်မင်းခိုင် (၉/ဝတန(နိုင်)၁၁၀၃၀၆)တို့သည် မိခင်ကြီးဒေါ်လှိုင်၏ ပြောဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ ခွင့်မလွှတ်နိုင်သည့်အပြုအမူများလုပ်ဆောင်ခဲ့သည့်အတွက် ပတ်ဝန်းကျင်၌ ဂုဏ်သိက္ခာကျဆင်းပြီး အကျိုးနည်းခြင်းတို့ဖြစ်ပေါ်စေခဲ့သည့်အကြောင်းတို့ကြောင့် ယနေ့မှစ၍အမွေမခံထိုက်သည့် သွာနုတ္တသားများဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

နောက်နောင်၎င်းတို့နှင့်ပတ်သက်သည့် ကိစ္စအဝဝအားလုံးသည် မိခင်ကြီးဒေါ်လှိုင်နှင့် လုံးဝမသက်ဆိုင်တော့ပါကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝေဖြိုးမောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၃၂၄)**
**အမှတ်(၃)ဗဟိုရပ်၊ဝမ်းတွင်းမြို့၊**
**ဖုန်း-၀၉-၂၆၅၀၀၈၂၇၇၊ ၀၉-၆၆၆၈၈၁၀၁၀**

### ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### မြန်မာနိုင်ငံဗိသုကာအသင်း(နာယက)
### ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(နာယက)
## ဦးသန်းထွန်း
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ အနော်ရထာအိမ်ရာ၊ ကမာရွတ်နေ (ဦးဘို-ဒေါ်စိန်တင့်)တို့၏သားကြီး၊ (ဦးချစ်ယုံ-ဒေါ်တင်တင်ဝင်း)တို့၏သားသမက်၊ ဒေါ်ခင်မျိုးချစ်၏ ခင်ပွန်း၊ (ဦးမြတ်သွင်)-ဒေါ်ရင်မြင့်၊ ဒေါ်မြင့်မြင့်ကြူ၊ ဦးစန်းမောင်-ဒေါ်ချိုချိုတင်တို့ ၏ အစ်ကိုကြီး၊သားသမီး၊ တူ၊ တူမ ၂၁ယောက်တို့၏ အဖေကြီး ဦးသန်းထွန်းသည် ၁၂-၆-၂၀၂၄ရက် ည ၈:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၂၄ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိမိတ်ဆွေဆွေမျိုးများအား အသိပေးအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၈-၆-၂၀၂၄ရက် တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။( နေအိမ် မှကားများ မွန်းလွဲ ၂:၃၀နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ ထူပါရုံ(၈)လမ်း၊ အမှတ်(၉၅၉/ခ)၊ (၆-လွှာ)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်ယုယုဝါ ၇/ကဝန(နိုင်)၀၉၅၂၀၄ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးမျိုးသန်း ၈/ဆဖန(နိုင်)၀၅၁၉၃၅ က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်စုစုခိုင် (LL.B,D.B.L,D.I.L)** | **ဒေါ်ခင်စောသိန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ လူနေရပ်ကွက်အမှတ်- သဘော်ာကျင်း၊ မြေကွက်အမှတ် (က/၂၅၂)၊ မြေ အမျိုးအစား နှစ်(၆၀)ဂရန်မြေ၊ အကျယ် (၂၅ x ၅၀)ပေ ရှိသော မြေကွက်သည် ဦးမြသိန်း+ဦးရွှေမောင် (၂)ဦးအမည်ဖြင့် တည်ရှိပါသည်။

ထိုမြေကွက်အနက်မှ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ သဘော်ာကျင်းရပ်ကွက်၊ (၃)လမ်း၊ အမှတ်(၂၅၂)၊ (အလျား ၁၂ ပေခွဲ x အနံ ၅၀ ပေ)ရှိသော မြေပေါ်၌ ဆောက်လုပ်ထားသော ဦးရွှေမောင် ၁၂/ဒပန(နိုင်)၀၃၅၁၂၀ ပိုင်ဆိုင်သော နေအိမ်နှင့်မြေအား ဦးရွှေမောင်ထံမှ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။

သို့ဖြစ်ပါ၍ ၎င်းအိမ်ခြံမြေ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့် ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိ၊ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလွင်ဦး**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၂၃၅)**
**အမှတ် (၁၀၇)၊ သဘော်ာကျင်း(၉)လမ်း၊ သဘော်ာကျင်းရပ်ကွက်၊**
**ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၅၀၇၉၉**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်၊ အကွက်အမှတ် ၅၉၄၊ ဦးပိုင်အမှတ် ၁၂၅ဆ+၁၂၄ ည/ရန်-မန်းလမ်းအနောက်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကြည်ကြည်မျိုး ၁၂/ဗတထ(နိုင်)၀၂၉၇၆၇က ဂရန် စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ အင်းစိန်လမ်း၊ အမှတ်(၁၆၉)နေ၊ ဦးစံအေး ၁၃/မတန(နိုင်) ၀၀၁၃၄၀၊ ဒေါ်နန်းအမ်းလီ ၁၃/မတန (နိုင်) ၀၀၁၃၄၁တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးစံအေး၊ ဒေါ်နန်းအမ်းလီတို့၏ သမီးဖြစ်သူ အေးစန္ဒာခိုင် ၁၂/ဒဂန(နိုင်) ၀၂၇၂၁၆ သည်မိဘဆိုဆုံးမစကားအား နားမထောင်ဘဲ ၎င်းဆန္ဒအလျောက်(၁၀-၆-၂၀၂၄)ရက်တွင် အိမ်မှဆင်းသွားပါသည်။ မိဘများအား စိတ်ဆင်းရဲအောင်ပြုလုပ်သည့်အတွက် နောက်နောင်တွင် ၎င်း၏ကိစ္စများနှင့်ပတ်သက်၍ မိဘများနှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန်းချိုဦး LL.B,D.B.L တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၇၀)(၂၀၁၁)**
**အမှတ်(၆၄၆/၄၆၄)၊ အခန်း(၂/၄)၊ ရန်ကုန်အင်းစိန်လမ်းမကြီး၊**
**(၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဖုန်း-၀၉-၂၅၂၉၄၄၉၈၈**

### ဦးမြင့်သန်း B.Com (1977)
### ပုလဲမွန်အိမ်ရာကော်မတီ ဒု - ဥက္ကဋ္ဌ
### အသက် (၇၄) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့နေ(ဦးမြင့်-ဒေါ်သန်းကြည်)တို့၏သား၊ မန္တလေးမြို့နေ (ဦးသက်တင်-ဒေါ်ငြိမ်း)တို့၏သားသမက်၊ ရန်ကုန်မြို့နေ တောင်ဒဂုံမြို့နယ်၊ တိုက်အမှတ် ၁၇ ပုလဲမွန်အိမ်ရာ ၆၅ ရပ်ကွက်နေ ဒေါ်ခင်မြတ်သက် (ညွှန်မှူး - ငြိမ်း၊ ဆသရဝန်ကြီးရုံး)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်ဇင်သက်-ဒေါ်ဥမ္မာကြိုင်၊ ဦးဇော်ဝင်းသက်-ဒေါ်ကြူကြူသင်း၊ (ဦးဇော်မင်းသက်)-ဒေါ်ဝိုင်းဝိုင်းမွန်၊ ဦးကျော်ဇော်အောင်-ဒေါ်တင်မြတ်ထွေး၊ ဦးတင့်ဇော်သန်း- ဒေါ်တင်မြတ်အေး ၊ ဦးမျိုးဝင်းအောင်-ဒေါ်တင်မြတ်သွေးတို့၏အစ်ကိုကြီး၊ တူ တူမ(၉)ယောက်တို့၏ဘကြီး၊ မြေး(၂)ယောက်တို့၏ ဘိုးဘိုးကြီးသည် (၁၂-၆-၂၀၂၄)ရက်(ဗုဒ္ဓဟူးနေ့) နံနက် (၀၃:၅၀)နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ဘဝတပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပြီဖြစ်ပါ၍ ကွယ်လွန်သူအားရည်စူး၍ ကျန်ရစ်သူမိသားစုတို့မှ ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသောဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသဖြင့် (၁၈-၆-၂၀၂၄)ရက် (အင်္ဂါနေ့) နံနက် (၇)နာရီမှ နံနက် (၁၀)နာရီအထိ တောင်ဒဂုံမြို့နယ်၊ တိုက်အမှတ် ၁၇၊ ပုလဲမွန်အိမ်ရာ ၆၅ ရပ်ကွက်ရှိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် မိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ သမ္မတောကျေးရွာအုပ်စု၊ ကွင်းအမှတ် (၅၂၄၊ အောင်ပင်လယ် အလယ်ကန်တွင်းကွင်း)၊ ဦးပိုင်အမှတ် (၃၅/၃)၊ ဧရိယာ (၀.၉၀)ကေအကျယ်အဝန်းရှိ လယ်မြေကွက်မှာ ဦးသက်နောင်ဦး၊ အမည်ပေါက် လယ်ယာမြေဖြစ်ပြီး အဆိုပါမြေကွက်အား ဇနီးဖြစ်သူ ဒေါ်နှင်းသီရိထွန်း(ဘ)ဦးအောင်မြင့် (၉/မဟမ(နိုင်) ၀၉၀၄၀၀)မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပါသည်။

အထက်ပါ လယ်ယာမြေကွက်အား ဒေါ်နှင်းသီရိထွန်းမှ အခြားသူသို့ လွှဲပြောင်းရောင်းချထားခြင်း၊ လွှဲပြောင်းထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်းများ လုံးဝမရှိဘဲ ဒေါ်နှင်းသီရိထွန်း တစ်ဦးတည်းသာ လက်ရှိတရားဝင်ပိုင် ဆိုင်ထားသည်မှာ မှန်ကန်ကြောင်းနှင့် အဆိုပါမြေကွက်အတွင်း ဒေါ်နှင်းသီရိထွန်း၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ဝင် ရောက်ကျူးကျော်နေထိုင်သူများရှိပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နှင်းသီရိထွန်း(ဘ)ဦးအောင်မြင့် (၉/မဟမ(နိုင်)၀၉၀၄၀၀)**
**မဟာမြိုင် (၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့**

### ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀)၊ လူနေရပ်ကွက်အမှတ်(၂၀)၊ မြိတ်လမ်း၊ မြေကွက်အမှတ်(၈၁၈-ခ)ဟုခေါ်တွင်သော နှစ်(၆၀)မြေငှားဂရန်မူရင်းတွင် ဦးအောင်ဖြိုး (၉/မနမ(နိုင်)၀၈၁၃၂၆) အမည်ပေါက် အလျား (၂၀.၆)ပေ x အနံ (၆၀)ပေ၊ ဧရိယာ(၁၂၃၀)စတုရန်းပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် ရေ/မီး အစရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အမည်ပေါက်ပိုင်ဆိုင်သူဖြစ်သော ဦးအောင်ဖြိုး (၉/မနမ(နိုင်)၀၈၁၃၂၆)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သော ဒေါ်ခင်ခင်ထွေး (၁၂/ရကန(နိုင်)၁၀၂၅၅၄)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း အထောက်အထားများ နှင့် တကွ ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ခင်ထွေး၏လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဥမ္မာမြင့် (LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ** | **ဒေါ်မြတ်နိုးခင်(LL.B)အထက်တန်းရှေ့နေ** |
| **စဉ်-၈၃၅၁(၁၃-၉-၂၀၁၂)** | **စဉ်-၅၃၁၅၀ (၃၀-၆-၂၀၂၀)** |

**အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၉၇၂၃၀၉၈၉၂**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ ဓမ္မသုခကျောင်းလမ်း၊ အမှတ်(၅၂၃)ရှိ Royal Thukha Condominium ၊ အခန်းအမှတ်(၇၁၄)၊ (၇-လွှာ)၊ (1126 Sqft)အကျယ်အဝန်းရှိ တိုက်ခန်းအပါအဝင် ယင်းတိုက် ခန်းနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားလက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးဝင်းခိုင်ဖြိုး ၁၂/တမန(နိုင်) ၀၉၇၅၄၈ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးမြတ်မင်းဟန် ၁၂/လမန(နိုင်) ၁၄၂၃၂၃က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူ ရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုစုခိုင်(LL.B,D.B.L,D.I.L)** | **ဒေါ်ခင်စောသိန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅လမ်း(အောက်)၊**
**ကျောက်တံတား မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/42993, Canda 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောဟဲဒိုလှ ၁၄/ရကန(နိုင်) ၁၅၀၀၁၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 20W/48256, Stream YMD 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုစုလှိုင် ၁၄/ပသန(နိုင်)၂၆၆၃၄၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၁ယ/၃၇၀၈၆, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်လွင် ၁၄/မအပ(နိုင်) ၃၈၇၄၃၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မအူပင်)**
**မအူပင်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7R/7840, Suzuki Ertiga, Station Wagon ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီနီဝင်း ၁၄/ရကန(နိုင်) ၀၈၃၅၄၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

### သွေးသည် အသက်

❖ **လူငယ်များကို အသိပညာ၊ အတတ်ပညာနှင့်အတူ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ရှိလာစေပြီး အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုးကို ခွဲခြားသိမြင်နိုင်စွမ်းရှိသည့် စွမ်းဆောင်ရည်မြင့်မားသော အနာဂတ်သားကောင်းရတနာများဖြစ်အောင် ပြုစုပျိုးထောင်ပေးရန်မှာ အရေးကြီးသောအချက်ဖြစ်ပါသည်။ ထို့ကြောင့် လူငယ်များအား အနာဂတ်နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်စွမ်းရှိသော မျိုးဆက်သစ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရန်ကိုလည်း တိုက်တွန်းမှာကြားလိုပါသည်။ ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကျရောက်သော (၇၇) နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ၂၀၂၄ ရာသီ MNL ယူ-၂၀ လိဂ်ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်၊ ရော်ဝတီနှင့် ရတနာပုံအသင်းတို့ အနိုင်ရ

ရန်ကုန် ဇွန် ၁၃

၂၀၂၄ ရာသီ MNL ယူ-၂၀ လိဂ်ပြိုင်ပွဲ ပွဲစဉ် (၃) ပထမနေ့ကို ဇွန် ၁၃ ရက်က ဆက်လက်ကျင်းပရာ ရှမ်းယူနိုက်တက်၊ ရော်ဝတီနှင့် ရတနာပုံအသင်းနိုင်ပွဲရပြီး ရှမ်းယူနိုက်တက်အသင်းက အမှတ်ပေးဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်လျက်ရှိသည်။

စလင်းကွင်း၌ ကျင်းပသည့်ပွဲတွင် ရော်ဝတီယူနိုက်တက်အသင်းက မြဝတီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရော်ဝတီယူနိုက်တက် အသင်းသည် ပွဲပြီးခါနီးတွင်သွင်းယူသည့် တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရခဲ့ပြီး ပထမဆုံးနိုင်ပွဲ ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။ မြဝတီအသင်းမှာမူ ဒုတိယမြောက် ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရ

*စာမျက်နှာ ၁၅ ကော်လံ ၁* ❇



ရော်ဝတီယူနိုက်တက်အသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

**ယနေ့ သတင်းအညွှန်း**



**ကေလာသတောင်ကြိုးပြင် ကာကွယ်တောသတ်မှတ်**

ပြည်တွင်းသတင်း စာ ၁၂

**အစ္စရေး - ဟားမားစ် ပဋိပက္ခအတွင်း သေဆုံးခဲ့သည့် အားကစားသမားပေါင်း ၃၀၀ ကျော်ရှိ**

နိုင်ငံတကာသတင်း စာ ၁၃

**ယူရို ၂၀၂၄ အဖွင့်မျက်နှာပန်းလှဖို့ စကော့တလန်ကို အနိုင်ယူဖို့ ကြိုးစားလာမယ့် အိမ်ရှင်ဂျာမနီ**

ပြည်တွင်းသတင်း စာ ၁၆



# ၂၀၂၅ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲ အုပ်စုမဲခွဲရာ မြန်မာအသင်း ဂျပန်၊ ကာဂျစ္စတန်၊ တာ့ခ်မင်နစ္စတန်တို့နှင့် တစ်အုပ်စုတည်း ကျရောက်

ရန်ကုန် ဇွန် ၁၃

၂၀၂၅ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲ အုပ်စုမဲခွဲပွဲကို ဇွန် ၁၃ ရက်ကကျင်းပရာ မြန်မာအသင်းသည် အုပ်စု (I) တွင် ဂျပန်၊ ကာဂျစ္စတန်၊ တာ့ခ်မင်နစ္စတန်တို့နှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့သည်။

ယင်းခြေစစ်ပွဲကို စက်တင်ဘာ ၂၁ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ငါးသင်းငါးအုပ်စုနှင့် လေးသင်းငါးအုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။ ခြေစစ်ပွဲကျင်းပသည့် ပုံစံအရ အုပ်စုတစ်ခုစီမှ ထိပ်ဆုံး ၁၀ သင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးငါးသင်း စုစုပေါင်း ၁၅ သင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု (A) တွင် ဗီယက်နမ်၊ ဆီးရီးယား၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ ဂူအမ်၊ အုပ်စု (B) တွင် ဥဇဘက်ကစ္စတန်၊ ဘာရိန်း၊ တရုတ်(တိုင်ပေ)၊ ကမ္ဘောဒီးယား၊ နီပေါ၊ အုပ်စု (C) တွင် တောင်ကိုရီးယား၊ လက်ဘနွန်၊ ယူအေအီး၊

*စာမျက်နှာ ၁၅ ကော်လံ ၃* ❑

## ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် ဇွန် ၁၃

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် "၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ" ကို ဇွန် ၁၇ ရက်မှ ၂၁ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပမည် ဖြစ်သည်။

ပြိုင်ပွဲသို့ အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၅ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အားကစားကို စိတ်ဝင်စားသည့် မည်သူမဆို(အခမဲ့) လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်